# အစ္စလာမ်၏ ရစူလ်တမန်တော် မုဟမ္မဒ် ﷺ

ဆွလ္လလ္လာဟုအလိုင်ဟိဝစလ္လမ်




رسول الإسلام ﷺ بورمي

بيان الإسلام
Bayan AL-Islam

ح جمعية خدمة المحتوى الإسلامي باللغات ، ١٤٤٥ هـ

فهرسة مكتبة الملك فهد الوطنية أثناء النشر

جمعية خدمة المحتوى الإسلامي باللغات

رسول الإسلام - بورمي. / جمعية خدمة المحتوى الإسلامي باللغات؛

.- الرياض ، ١٤٤٥ هـ

٣٦ ص ؛ ١٤ × ٢١ سم

ردمك: ٩٧٨-٦٠٣-٨٤٠٢-٩٨-٦

١- محمد صلى الله عليه و سلم ٢- السيرة النبوية أ.العنوان

ديوي ٢٣٩ ١٤٤٤ / ١٤٨٨

Partners in Implementation

Content Association | Rowad Translation | Rabwah Association | IslamHouse

This publication may be printed and disseminated by any means provided that the source is mentioned and no change is made to the text.

Tel: +966 50 244 7000
info@islamiccontent.org
Riyadh 13245- 2836
www.islamhouse.com

# အစ္စလာမ်၏
# ရစူလ်တမန်တော်
# မုဟမ္မဒ် (ﷺ)

အနန္တကရုဏာတော်ရှင် ဖြစ်တော်မူသော
အလွန်သနား ကြင်နာတော်မူသော
အလ္လာဟ်အရှင်မြတ်၏ နာမတော်ဖြင့် (အစပြုပါ၏။)

## အစ္စလာမ်၏ ရစူလ်တမန်တော် မုဟမ္မဒ် (ﷺ)

ဤစာအုပ်သည် အစ္စလာမ်၏ ရစူလ်တမန်တော် မုဟမ္မဒ် (ﷺ)၏ အတ္ထုပ္ပတ္တိအကျဉ်း ဖြစ်ပြီး ကျွန်တော်သည် ဤစာအုပ်ထဲ၌ တမန်တော်မြတ်၏ အမည်၊ မျိုးရိုး၊ တိုင်းပြည်၊ အိမ်ထောင်ရေး၊ ရစူလ်တမန်တော်ဖြစ်ခြင်း၊ တမန်တော်မြတ် ဖိတ်ခေါ် ခဲ့သည့် အကြောင်းအရာများ၊ နဗီဖြစ်ခြင်း၏ သက်သေလက္ခဏာတော်များ၊ တမန်တော်မြတ်၏ တရားလမ်းစဉ်နှင့် တမန်တော်မြတ်အား ဆန့်ကျင်သူများ၏ရပ်တည်ချက်တို့ကို ရှင်းလင်း တင်ပြသွားမည်ဖြစ်သည်။

## (၁) တမန်တော်မြတ်၏ အမည်၊ မျိုးရိုး၊ မွေးဖွားကြီးပြင်းခဲ့သည့်တိုင်းပြည်အကြောင်း

အစ္စလာမ်၏ ရစူလ်တမန်တော်သည် ဟာရှင်မ်၏မြစ်တော် အဗ်ဒုလ်မုသ်သွလိဗ်၏ မြေးတော် အဗ်ဒုလ္လာဟ်၏ သားတော် မုဟမ္မဒ်ဖြစ်ပြီး တမန်တော် အိဗ်ရာဟီမ်၏သား တော် တမန်တော်အစ္စမာအီလ်( عَلَيْهِ السَّلَامُ)၏သားစဉ်မြေးဆက်မှဖြစ်သည်။ အလ္လာဟ်အရှင်မြတ်၏နဗီတမန်တော် အိဗ်ရာဟီမ်(عَلَيْهِ السَّلَامُ)သည် မိမိ၏ကြင်ရာတော် ဟာဂျရာနှင့် နို့စို့အရွယ်သားတော် အစ္စမာအီလ်တို့နှင့်အတူ "ရှာမ်"(ဆီးရီးယားမှ "မက္ကဟ်"သို့ လာ ရောက်ခဲ့သည်။ ထို့နောက် တမန်တော်အိဗ်ရာဟီမ်(عَلَيْهِ السَّلَامُ)သည် သူတို့နှစ်ဦးအား အလ္လာဟ်အရှင်မြတ်၏ အမိန့်တော်ဖြင့် မက္ကဟ်၌ပင် နေထိုင်စေခဲ့သည်။ သားတော် အရွယ်ရောက်လာသောအခါ အိဗ်ရာဟီမ် (عَلَيْهِ

(السَّلَامُ)သည် မက္ကဟ်သို့ပြန်လာခဲ့သည်။ ထို့ နောက် တမန်တော် အိဗ်ရာဟီမ်နှင့် သူ၏သားတော် အစ္စမာအီလ်(السَّلَامُ عَلَيْهِما) တို့သည် မွန်မြတ်လှသည့်အိမ်တော် ကအ်ဗဟ်ကျောင်းတော်အား တည်ဆောက်ခဲ့ကြသည်။ အိမ် တော်မြတ်၏ပတ်လည်တွင် လူများစည်ကားလာကြပြီး စကြဝဠာအပေါင်းအား ဖန်ဆင်း တော်မူသော အလ္လာဟ်အရှင်မြတ်အား ခဝပ်ကိုးကွယ်သူများနှင့် ဟဂ်ျပြုလိုသူတို့၏ အဓိကနေရာ ဖြစ်လာခဲ့သည်။ လူတို့သည် အလ္လာဟ်အရှင်မြတ်တစ်ပါးတည်းကိုသာ ခဝပ် ကိုးကွယ်ပြီး ရာစုနှစ်ပေါင်းများစွာ တမန်တော် အိဗ်ရာဟီမ်(السَّلَامُ عَلَيْهِ)၏ လမ်းစဉ်ပေါ် တွင် လျှောက်လှမ်းခဲ့ကြသည်။ နောက်ပိုင်းတွင် လမ်းလွဲမှုများ ပေါ်ပေါက်လာကာ အာရေ ဗျကျွန်းဆွယ်၏ အခြေအနေမှာ ပတ်ဝန်းကျင်ရှိ

အခြားနိုင်ငံများ၏အခြေအနေ တိုင်းပင် ဖြစ်ခဲ့ပြီး အယူဝါဒမှားယွင်းမှုများ ပေါ်ပေါက်လာခဲ့သည်။ ဥပမာ - ရုပ်တုများ ကိုးကွယ် ခြင်း၊ သမီးမိန်းကလေးများကို အရှင်လတ်လတ် မြေမြှုပ်ခြင်း၊ အမျိုးသမီးများကို ညှဉ်းပန်းခြင်း၊ မုသားပြောခြင်း၊ အရက်သေစာ သောက်သုံးခြင်း၊ စက်ဆုပ်ရွံရှာဖွယ်ရာ များကို ကျူးလွန်ခြင်း၊ ဘမဲ့ကလေးတို့၏ ဥစ္စာပစ္စည်းများကို မတရားသဖြင့် စားသုံးခြင်း၊ အတိုးယူခြင်း စသည်တို့ဖြစ်သည်။ ဤနေရာ ဤပတ်ဝန်းကျင်မျိုးတွင် အစ္စလာမ်၏ ရစူလ်တမန်တော် မုဟမ္မဒ်ဗင်န် အဗ်ဒုလ္လာဟ်သည် တမန်တော် အိဗ်ရာဟီမ်၏သားတော် တမန်တော် အစ္စမာအီလ်(عَلَيْهِمُ السَّلَامُ)၏ သားစဉ်မြေးဆက်မှ အေဒီ ၅၇၁ တွင်ဖွားမြင် တော်မူခဲ့သည်။ တမန်တော်မြတ်၏ဖခင်မှာ ကိုယ်တော်မြတ် မဖွားမြင်မီအလျင် ကွယ် လွန်ခဲ့ပြီး ကိုယ်တော်မြတ်

သက်တော်ခြောက်နှစ်အရွယ်တွင် မိခင်ကွယ်လွန်ခဲ့သည်။ ထို့နောက် ကိုယ်တော်မြတ်အား ဘကြီးတော် အဗူသွာလိဗ်ကပင် ကြည့်ရှုစောင့်ရှောက်ခဲ့သည်။ ကိုယ်တော်သည် မိဘမဲ့တစ်ဦးအဖြစ်နှင့် ဆင်းရဲနွမ်းပါးစွာနေထိုင်ခဲ့ရပြီး မိမိကိုယ် တိုင် လုပ်ကိုင်ရှာဖွေ စားသောက်ခဲ့သည်။

# (၂) ဂုဏ်သရေရှိ အမျိုးသမီးနှင့် ထိမ်းမြားမင်္ဂလာပြုခြင်းအကြောင်း

ကိုယ်တော်မြတ်သည် သက်တော် နှစ်ဆယ့်ငါးနှစ်အရွယ်တွင် မက္ကာမြို့သူ ခဒီဂျာ ဗင်န်သိ ခုဝိုင်းလိဒ်(رَضِيَ اللهُ عَنْهَا)နှင့် ထိမ်းမြားတော်မူခဲ့၏။ သူမနှင့် သမီးတော်လေးပါး၊ သားတော်နှစ်ပါး ထွန်းကားခဲ့သည်။ သားတော်နှစ်ပါးမှာ ကလေးဘဝ၌ပင် ကွယ်လွန်သွားခဲ့သည်။ ကိုယ်တော်မြတ်သည် မိမိ၏ဇနီး၊မိသားစုတို့နှင့် အလွန်နူးညံ့သိမ်မွေ့ပြီး ချစ်ခင် ကြင်နာစွာ ဆက်ဆံတော်မူသည်။ ထို့ကြောင့် ကိုယ်တော်၏ ဇနီးခဒီဂျာ(رَضِيَ اللهُ عَنْهَا) သည် ကိုယ်တော်မြတ်အား အလွန်ပင်ချစ်ခင်မြတ်နိုးတော်မူခဲ့သည်။ ကိုယ်တော်မြတ်က လည်း မိမိကြင်ရာတော်အား ထပ်တူထပ်မျှ ချစ်မြတ်နိုးတော်မူခဲ့သည်။ ကြင်ရာတော် ကွယ်လွန်ပြီးနောက် နှစ်ပေါင်းများစွာကြာသည့်တိုင်

ကိုယ်တော်မြတ်သည် ကြင်ရာတော် အား မမေ့နိုင်ခဲ့ပေ။ ကိုယ်တော်မြတ်သည် ခဒီဂျဟ်(رَضِيَ اللهُ عَنْهَا)၏မိတ်ဆွေ သူငယ်ချင်း များကို ဂုဏ်ပြုသည့်အနေဖြင့်လည်းကောင်း၊ ကြင်ရာတော်အပေါ် ကောင်းကျိုးပြုပြီး၊ သူ၏ချစ်ခြင်းမေတ္တာကို ထိန်းသိမ်းသောအနေဖြင့်လည်းကောင်း ဆိတ်တစ်ကောင်ကို ဇဗဟ်ပြုကာ ၎င်းတို့အား ခွဲဝေပေးလေ့ရှိသည်။

# (၃) ဝဟီ ဗျာဒိတ်တော်များ စတင်ကျရောက်ခြင်းအကြောင်း

အလ္လာဟ်ရှင်မြတ်သည် ရစူလ်တမန်တော် မုဟမ္မဒ်(ﷺ)အား ဖန်ဆင်းတော်မူလိုက် သည့်အချိန်ကပင် ကိုယ်တော်သည်ထူးကဲမြင့်မြတ်လှစွာသော အကျင့်စာရိတ္တပေါ်၌သာ ရှိနေတော်မူ၏။ ကိုယ်တော်၏ အမျိုးသားတို့က ကိုယ်တော့်အား မှန်ကန်သူ၊ သစ္စာရှိသူဟု ခေါ်ဆိုခဲ့ကြ၏။ ကိုယ်တော်သည် အလွန်ကြီးကျယ်လှသည့် အမှုကိစ္စများကို သူတို့နှင့် အတူ ဆောင်ရွက်ခဲ့သည်။သို့သော် သူတို့၏ ရုပ်တုကိုးကွယ်မှုနှင့်သက်ဆိုင်သော ကိစ္စရပ် များကို မှန်းတီးသောကြောင့် ပါဝင်ခြင်းမရှိခဲ့ပေ။

ကိုယ်တော်သည် မက္ကာဟ်မြို့တော်၌နေထိုင်စဉ်၊ သက်တော်လေးဆယ်ရောက်သော အခါ

အလ္လာဟ်အရှင်မြတ်က ကိုယ်တော့်အား ရစူလ်တမန်တော်အဖြစ် ရွေးချယ်တော် မူခဲ့၏။ ကောင်းကင်တမန် ဂျစ်ဗ်ရီးလ်(عَلَيْهِ السَّلَامُ)သည် ကျမ်းတော်မြတ်ကုရ်အာန်၌ ပထမဦးဆုံး ကျရောက်ခဲ့သည့်စူရဟ်၏ အစပိုင်းအာယသ်တော်များဖြင့် ရောက်ရှိလာခဲ့ သည်။ ထိုအာယသ်တော်များမှာ

﴿ٱقْرَأْ بِٱسْمِ رَبِّكَ ٱلَّذِى خَلَقَ ① خَلَقَ ٱلْإِنسَٰنَ مِنْ عَلَقٍ ② ٱقْرَأْ
وَرَبُّكَ ٱلْأَكْرَمُ ③ ٱلَّذِى عَلَّمَ بِٱلْقَلَمِ ④ عَلَّمَ ٱلْإِنسَٰنَ مَا لَمْ يَعْلَمْ ⑤﴾

[العلق: ①-⑤]

**((အို-နဗီတမန်တော်) အသင်သည် မိမိအရှင်မြတ်၏ နာမတော်ဖြင့် (အစပြု၍) ဖတ် ပါလေ။ထို အရှင်မြတ်သည် (သက်ရှိသက်မဲ့ အရာ ခပ်သိမ်းတို့ ကို) ဖန်ဆင်းတော် မူခဲ့၏။ (၁) ထိုအရှင်မြတ်သည် လူသားကို သွေးခဲဖြင့် ဖန် ဆင်းတော်မူခဲ့၏။ (၂) (အို-နဗီတမန်တော်) အသင်သည် ဖတ်ပါလေ။**

**စင်စစ် အသင့်အား ဖန်ဆင်းတော်မူသော အရှင်မြတ်သည် အလွန်ရက်ရောစွာ ပေးကမ်း ချီးမြှင့်တော်မူသော အရှင်မြတ်ပင် ဖြစ်တော်မူ၏။ (၃) အကြင်အရှင်မြတ်သည် ကလောင်ဖြင့် သင်ကြားပေးတော် မူခဲ့၏။ (၄) ထိုအရှင်မြတ်သည် လူသားတို့အား ၎င်းတို့ မသိခဲ့သော အရာများကို သင်ကြား ပေးတော်မူခဲ့ပေသတည်း။ (၅)) စူရဟ် အလက္က (၉၆:၁-၅)**

ကိုယ်တော်မြတ်သည် မိမိ၏ကြင်ရာတော် ခဒီဂျဟ်(رَضِيَ اللهُ عَنْهَا)ထံသို့ တုန်လှုပ်ချောက်ချားလျက် ရောက်လာခဲ့သည်။ ကိုယ်တော်သည် အဖြစ်အပျက်အလုံးစုံ ကို သူမအားပြောပြခဲ့ပြီး ကြင်ရာတော်က ကိုယ်တော့်အား ဖြေသိမ့်ပေးခဲ့သည်။ ထို့ နောက် သူမသည်ကိုယ်တော်နှင့်အတူ မိမိ၏အစ်ကိုဝမ်းကွဲဖြစ်သူ ဝရကဟ်ဗင်န်

နှောင်ဖလ်ထံ သွားရောက်ခဲ့သည်။ သူသည် ခရစ်ယာန်ဘာသာဝင်တစ်ဦးဖြစ်ပြီး သောင်ရာသ်ကျမ်းနှင့် အိန်ဂျီးလ်ကျမ်းတို့ကို ဖတ်ရွတ်သည့်သူဖြစ်သည်။ ခဒီဂျဟ်က ဝရကဟ်အား အို-ကျွန်မဘကြီး၏သား၊ မိမိ၏တူတော်မောင် (တမန်တော်မြတ်)ထံမှ (ဖြစ်ကြောင်းကုန်စင်) နားထောင်ပါ ဟုပြောလေရာ ဝရကဟ်က တမန်တော်မြတ်အား အို- တူတော်မောင် အသင်မည်သည့်အရာကို မြင်တွေ့ပါသနည်းဟု မေးမြန်းခဲ့သည်။ ထိုအခါ တမန်တော်မြတ်က မိမိမြင်တွေ့ခဲ့ရသမျှကို ပြောပြလေရာ ဝရကဟ်က ဤ ကောင်းကင်တမန်သည်ကား နဗီတမန်တော်မူစာထံသို့ အလ္လာဟ်အရှင်မြတ် စေလွှတ် တော်မူသော ကောင်းကင်တမန်(ဂျစ်ဗ်ရီးလ်)ပင် ဖြစ်သည်။ အသင်

(လူများကြား၌ နဗီအဖြစ် ဟောကြားသည့်အခါ) ကျွန်ုပ်သည် ပို၍ရှုယ်သူအဖြစ်ရှိချင်သည်။ ထို့ပြင် အသင့်အား အသင်၏ အမျိုးသားများက နှင်ထုတ်ကြမည့်အချိန်တွင် ကျွန်ုပ် အသက် ရှင်လျက် ရှိချင်သည်ဟု ပြောကြားလေသည်။ ထိုအခါတမန်တော်မြတ်(ﷺ)က ထိုသူ တို့သည် ကျွန်ုပ်အား နှင်ထုတ်ကြမည်လောဟု မေးမြန်းရာ ဝရကဟ်က မှန်ပေသည် အသင်ယူဆောင်လာသော တရားဒေသနာမျိုးကို ယူဆောင်လာခဲ့ကြသော ပုဂ္ဂိုလ် တိုင်းသည် ရန်ပြုခြင်းခံခဲ့ရသည်သာ ဖြစ်သည်။ အကယ်၍ ကျွန်ုပ်သည်အသင်၏ (ယင်းနဗီအဖြစ် ရပ်တည်ဟောကြားမည့် နေ့ရက်(အချိန်အခါ)ကို မီခဲ့ပါကအမှန်ပင်

ကျွန်ုပ်သည် အသင့်အားအစွမ်းကုန်ကူညီပါမည်ဟု ပြောလေသည်။ [1]

မက္ကာဟ်မြို့တွင် ကိုယ်တော်မြတ်အပေါ် ကျမ်းမြတ်ကုရ်အာန် အဆက်မပြတ်ကျရောက်လာခဲ့သည်။ ဂျစ်ဗ်ရီးလ်(عَلَيْهِ السَّلَامُ)သည် ထိုကျမ်းမြတ်အား စကြဝဠာအပေါင်း အားဖန်ဆင်းတော်မူသော အလ္လာဟ်အရှင်မြတ်ထံတော်မှ တစ်ဆင့်ချပေးတော်မူခဲ့၏။ ဤအကြောင်းနှင့်စပ်လျဉ်း၍ ရိစာလသ်အခန်း၌ အကျယ်တဝင့်ဖော်ပြသွားမည်။

ကိုယ်တော်မြတ်သည် မိမိ၏အမျိုးသားတို့အား အစ္စလာမ်ဘက်သို့ စဉ်ဆက်မပြတ် ဖိတ်ခေါ်ခဲ့သည်။ သို့သော် သူတို့သည် ကိုယ်တော့်အား ငြင်းပယ်၍

---

[1] အာအိရှဟ်(رَضِيَ اللهُ عَنْهَا)ဆင့်ပြန်သည့် ဤဟဒီးဆ်တော်သည် (ဗုခါရီကျမ်း - ၂) အတွဲ(၁)၊စာ(၇)၊ (မွတ်စ်လင်မ်ကျမ်း - ၁၅၂) အတွဲ(၁)၊စာ(၁၃၉) တို့တွင် လာရှိသည်။

ရန်ပြုခဲ့ကြသည်။ ထို့ပြင် သူတို့က ဥစ္စာပစ္စည်းနှင့် အုပ်ချုပ်မှုအာဏာကို ပေးပြီး ရိစာလသ် တာဝန်အား စွန့်လွှတ်ရန် ကမ်းလှမ်းခဲ့ကြသော်လည်း ကိုယ်တော်က ယင်းအရာအားလုံးကို လက်မခံဘဲ ငြင်းပယ်ခဲ့သည်။ ထိုအခါ သူတို့သည် ရှေးယခင်အကြီးအကဲများက ရစူလ်တမန်တော် များကို ပြောဆိုခဲ့ကြသည့်အတိုင်း ပဉ္စလက်ဆရာဟု လည်းကောင်း၊ အလွန်မုသားပြောဆိုသူဟုလည်းကောင်း၊ မဟုတ်မမှန် ပြောဆိုသူဟုလည်းကောင်း စွပ်စွဲပြောဆိုခဲ့ကြ သည်။ ထို့ပြင် ကိုယ်တော့်အား အခက်အခဲ ဒုက္ခရောက်အောင်ပြုလုပ်၍ မြင့်မြတ်လှသည့် ကိုယ်တော်၏ ခန္ဓာကိုယ်အား ရန်ပြုတိုက်ခိုက်ကြပြီး ကိုယ်တော်၏ နောက်လိုက်များ ကိုလည်း ညှဉ်းပန်းနှိပ်စက်ခဲ့ကြသည်။ တမန်တော်မြတ်(ﷺ)သည် မက္ကဟ်မြို့တော်၌ အလ္လာဟ်အရှင်မြတ်ဘက်သို့ ဆက်လက်ဖိတ်ခေါ်လျက်ရှိပြီး ဟဂ်ျရာသီနှင့်

အာရပ်တို့၏ ရာသီအလိုက် ရောင်းချသည့် စျေးများသို့ သွားရောက်၍ လူအများနှင့်တွေ့ဆုံကာ အစ္စလာမ်သာသနာတော်ကို တင်ပြခဲ့သည်။ ထိုသို့ဖိတ်ခေါ်ရာတွင် လောကီအကျိုးနှင့် အုပ်ချုပ်မှုအာဏာကို မက်မောခဲ့ခြင်း မရှိသကဲ့သို့ ဓားလက်နက်တို့ဖြင့် ခြိမ်းခြောက်ခဲ့ ခြင်းလည်း မရှိပေ။ ကိုယ်တော့်ထံ၌ အုပ်ချုပ်မှုအာဏာလည်းမရှိသကဲ့သို့ ကိုယ်တော် သည် ဘုရင်တစ်ပါးလည်း မဟုတ်ခဲ့ပေ။ ကိုယ်တော်မြတ်သည် မိမိ၏စတင်ဖိတ်ခေါ်သည့် အချိန်ကတည်းက ပင် မိမိယူဆောင်လာသည့် ကုရ်အာန်ကျမ်းမြတ်ကဲ့သို့ အလားတူအရာ ယူဆောင်လာကာ ယှဉ်ပြိုင်ကြရန် ကြေညာခဲ့သည်။ ထို့ပြင် မိမိအား အငြင်းပွားသူများကို ကုရ်အာန်ကျမ်းမြတ်ဖြင့် ယှဉ်ပြိုင်ကြရန် အမြဲဖိတ်ခေါ်လျက်ပင်ရှိနေသည်။ ထို့ကြောင့်

ဆွဟာဗဟ်(رَضِيَ اللّٰهُ عَنْهُمْ)များက ကိုယ်တော့်အား အီမာန်သက်ဝင်ယုံကြည်လာခဲ့ကြ၏။

အလ္လာဟ်အရှင်မြတ်သည် ကိုယ်တော်မြတ်အား မက္ကာဟ်မြို့၌ အလွန်ပင်ကြီးကျယ် လှသည့် သက်သေလက္ခဏာတော်တစ်ပါးကို ဂုဏ်ပြုချီးမြှင့်ခဲ့သည်။ ယင်းမှာ ညအချိန်၌ ဂျေရုစလင်မ်ရှိ ဗိုင်သွလ်မုကဒ်ဒတ်စ်သို့ ခေါ်ဆောင်သွားပြီး ထိုမှတစ်ဆင့် ကောင်းကင်ဘုံ သို့ သွားရောက်ခြင်းဖြစ်သည်။ မွတ်စ်လင်မ်တို့နှင့် ခရစ်ယာန်ဘာသာဝင်တို့ထံတွင် ဖော် ပြထားသည့် အတိုင်း အလ္လာဟ်အရှင်မြတ်သည် တမန်တော်မစီးဟ်(عَلَيْهِ السَّلَامُ)နှင့် တမန် တော် အိလ်ယာစ်(عَلَيْهِ السَّلَامُ)တို့အား မိမိထံတော်ပါးသို့ ပင့်မယူတော်မူခဲ့ကြောင်းကိုလည်း သိထားကြပြီးဖြစ်သည်။ တမန်တော်မြတ်(ﷺ)သည် မိုးကောင်းကင်၌ အလ္လာဟ်အရှင် မြတ်ထံတော်မှ

ဆွလာသ်ကို လက်ခံရရှိခဲ့သည်။ ယင်းမှာ မွတ်စ်လင်များ တစ်နေ့လျှင် ငါးကြိမ်ဝတ်ပြုကြသော ဆွလာသ်ပင်ဖြစ်သည်။ မက္ကဟ်မြို့တော်၌ အလွန်ပင်ကြီးကျယ် လှသည့် အခြားသက်သေလက္ခဏာတော်တစ်ပါးကိုလည်း ရရှိခဲ့သည်။ ၎င်းမှာ လကို နှစ်ခြမ်းခွဲပြတော်မူခြင်းဖြစ်ပြီး ထိုသို့ခွဲပြခြင်းကို မယုံကြသူ ကာဖိရ် မွတ်ရှ်ရိက်များပင် မြင်တွေ့ခဲ့ကြ၏။

ကုရိုင်းရှ်နွယ်ဝင် ကာဖိရ်များသည် ကိုယ်တော်မြတ်အား မကောင်းကြံစည်ရန်နှင့် ကိုယ်တော့်ထံမှ လူအများဖယ်ကြဉ်သွားကြစေရန်အတွက် ရသမျှနည်းလမ်းအားလုံးကို အသုံးချကာ တားဆီးပိတ်ပင်ခဲ့ကြ၏။ထို့ပြင် ကိုယ်တော့်အား အခက်အခဲဖြစ်စေရန် ရည် ရွယ်၍ သက်သေလက္ခဏာတော်များ

ပြသရန်တောင်းဆိုခဲ့ကြ၏။ ထို့ပြင် ကိုယ်တော်မြတ်အားငြင်းခုံရန်နှင့် လူတို့အားကိုယ်တော့်ထံမှ တားဆီးပိတ်ပင်ရာတွင် အကူအညီဖြစ် စေမည့် အထောက်အထားများကို ရဟူဒီတို့ထံမှ အကူအညီတောင်းခံခဲ့ကြသည်။

မုအ်မင်န်တို့အပေါ် ကုရိုင်း၍ ကာဖိရ်များ၏ နှိပ်စက်ညှဉ်းပန်းမှုများ ဆက်တိုက်ဖြစ် ပေါ်လာသည့်အခါ တမန်တော်မြတ်(ﷺ)သည် မုအ်မင်န်တို့အား ဟဗ်ရှဟ်(အီသီယိုးပီး ယား)နိုင်ငံသို့ပြောင်းရွှေ့နေထိုင်ရန် ခွင့်ပြုတော်မူခဲ့သည်။ တမန်တော်မြတ်(ﷺ)က သူတို့အား မိန့်ကြားတော်မူသည်မှာ ဧကန်အမှန် ထိုနိုင်ငံ၌ တရားမျှတသော ဘုရင်တစ်ပါးရှိပြီး သူ့ထံတွင် မည်သူတစ်ဦးတစ်ယောက်မျှ နှိပ်စက်ညှဉ်းပန်းခြင်းမခံရပေ။ သူသည် ခရစ်ယာန်ဘာသာဝင် ဘုရင်တစ်ပါးဖြစ်သည်။ထို့ကြောင့်

မုအ်မင်န်တို့သည် အုပ်စုနှစ်စုခွဲ၍ ဟဗ်ရှဟ်နိုင်ငံသို့ ပြောင်းရွှေ့ခဲ့ကြသည်။ မုဟာဂျိရ် ရွှေ့ပြောင်းသွားသူများ ဟဗ်ရှဟ်နိုင်ငံ သို့ ရောက်ရှိသောအခါ၊ သူတို့သည် တမန်တော်မုဟမ္မဒ် (ﷺ) ယူဆောင်လာသော ဘာသာ တရားကို နဂျာရှီဘုရင်ထံ တင်ပြခဲ့ကြပြီး ဘုရင်သည်လည်း အစ္စလမ်သာသနာကို သက် ဝင်ယုံကြည်ခဲ့၏။ ၎င်းနောက် အမိန့်ရှိသည်မှာ အလ္လာဟ်အရှင်မြတ်အား တိုင်တည်ပါ၏။ ဤသာသနာတော်နှင့် မူစာ( عَلَيْهِ السَّلَامُ)ယူဆောင်လာခဲ့သော သာသနာတော်သည် တစ်နေ ရာတည်းမှ ဖြစ်ကြပြီး ထိုတမန်တော်နှင့် သူ၏အပေါင်းဖော်များကို ၎င်းတို့၏ အမျိုးသား များက အဆက်မပြတ်ဒုက္ခပေးခဲ့ကြသည်။

ဟဂ်ျရာသီတွင် ကိုယ်တော့်အား အီမာန်သက်ဝင် ယုံကြည်သူများထဲတွင် မဒီနဟ်မှ ရောက်ရှိလာသောအုပ်စုတစ်စုလည်း ပါဝင်သည်။

သူတို့သည် ကိုယ်တော်မြတ်ထံ အစ္စလာမ်သာသနာ လက်ခံကြောင်းနှင့် ကိုယ်တော်မြတ်အနေဖြင့် သူတို့၏မဒီနဟ်မြို့သို့ ပြောင်းရွှေ့လာပါက အကူအညီပေးမည်ဖြစ်ကြောင်း ကတိသစ္စာပြုခဲ့ကြ၏။ ထိုအချိန်က မဒီနဟ် ရွှေမြို့တော်ကို (ယသ်စ်ရိဗ်) ဟုခေါ်သည်။ ကိုယ်တော်မြတ်သည် မက္ကဟ်မြို့၌ ကျန်ရစ်သူတို့အား မဒီနဟ်မြို့တော်သို့ ပြောင်းရွှေ့နေထိုင်ရန် ခွင့်ပြုတော်မူခဲ့သဖြင့် ၎င်းတို့သည်လည်း ပြောင်းရွှေ့နေထိုင်ခဲ့ကြသည်။ အစ္စလာမ်သာသနာတော်သည် မဒီနဟ်မြို့တော်၌ပြန့်နှံ့သွားပြီး အိမ်တိုင်းသို့ အစ္စလာမ်သာသနာ ရောက်ရှိခဲ့သည်။

တမန်တော်မြတ်(ﷺ)သည် မက္ကာမြို့တော်၌ တစ်ဆယ်သုံးနှစ်တိုင် အလ္လာဟ်အရှင်မြတ်ဘက်တော်သို့ ဖိတ်ခေါ် ခဲ့ပြီးနောက်၊ အလ္လာဟ်အရှင်မြတ်သည် ကိုယ်တော်မြတ် အား

မဒီနယ်မြို့တော်သို့ ဟိဂ်ျရသ်ပြု ရွှေ့ပြောင်းရန်ခွင့်ပြုတော်မူခဲ့သဖြင့် ကိုယ်တော်မြတ်(ﷺ)သည် ရွှေ့ပြောင်းတော်မူခဲ့ပြီး အလ္လာဟ်အရှင်မြတ်ဘက်သို့ ဆက်လက်ဖိတ်ခေါ်တော်မူခဲ့၏။ ထို့နောက် မဒီနယ်မြို့တော်၌ အစ္စလာမ့်ဥပဒေများ တဖြည်းဖြည်း အဆက် မပြတ်ကျရောက်လာခဲ့၏။ ထို့နောက် ကိုယ်တော်မြတ်သည် အစ္စလာမ်ဘက်သို့ဖိတ်ခေါ်ရန်အတွက် မျိုးနွယ်စုများ၏ ခေါင်းဆောင်များနှင့် ဘုရင်များထံသို့ မိမိ၏သံတမန်များ အား ပေးစာများနှင့်တကွ စေလွှတ်တော်မူခဲ့၏။ ထိုသို့ ဖိတ်ခေါ်ခြင်းခံရသူများထဲတွင် ရောမဘုရင်၊ ပါရှန်းဘုရင်နှင့် အီဂျစ်ဘုရင်တို့လည်း ပါဝင်သည်။

တစ်ရက်တွင် မဒီနယ်မြို့တော်၌ နေကြတ်ခဲ့သဖြင့် လူအများထိတ်လန့်ခဲ့ကြသည်။ ထိုအဖြစ်အပျက်သည် တမန်တော်မြတ်၏သားတော် အိဗ်ရာဟီမ်

ကွယ်လွန်သည့်နေ့နှင့် တိုက်ဆိုင်နေသဖြင့် လူတို့က အိဗ်ရာဟီမ်ကွယ်လွန်သည့်အတွက် နေကြတ်သည်ဟု ပြော ဆိုခဲ့ကြသည်။ ထိုအခါ ကိုယ်တော်မြတ်(ﷺ)က မိန့်တော်မူသည်မှာ - "နေကြတ်ခြင်းနှင့် လကြတ်ခြင်းတို့သည် တစ်ဦးတစ်ယောက် မွေးဖွားလာခြင်း၊ တစ်ဦးတစ်ယောက် သေဆုံး ခြင်းတို့ကြောင့် ဖြစ်ပေါ်လာရခြင်း မဟုတ်ပေ။ သို့သော် ထိုအရာနှစ်ခုသည် အလ္လာဟ်အ ရှင်မြတ်၏ သက်သေလက္ခဏာတော်များအနက်မှ သက်သေ လက္ခဏာနှစ်ပါးဖြစ်သည်။ အလ္လာဟ်အရှင်မြတ်သည် ယင်းတို့အားဖြင့် မိမိ၏ကျွန်များကို သတိပေး ခြိမ်းခြောက် တော်မူခြင်းပင်ဖြစ်သည်။" [2] အကယ်၍ တမန်တော်မြတ်(ﷺ)သည် လိမ်လည်ဖိတ်ခေါ်သူ တစ်ဦးသာဖြစ်ခဲ့လျှင် မိမိအားငြင်းပယ်သူတို့အား

---

[2] မွတ်စ်လင်မ်ကျမ်း-၉၀၁)

ကျွန်ုပ်၏သားတော် ကွယ်လွန်ခြင်း ကြောင့်နေကြတ်ခဲ့သည်ဆိုလျှင် ကျွန်ုပ်အား ငြင်းပယ်သူသည် မည်သို့ရှိမည်နည်းဟု ခြိမ်း ခြောက်ပြောဆိုမည်ပင်ဖြစ်သည်။

အလ္လာဟ်အရှင်မြတ်သည် တမန်တော်မြတ်(ﷺ)အား အပြည့်ဝဆုံး စာရိတ္တမွန်များဖြင့် ဆင်ယင်ပေးတော်မူခဲ့၏။ အလ္လာဟ်အရှင်မြတ်က ကိုယ်တော်မြတ်အား ဤသို့ ချီးမွမ်း မိန့် ကြားထားတော်မူသည်။ (ထိုမှတစ်ပါး မလွဲကေန် အသင်သည် ထူးကဲမြင့်မြတ်လှစွာသော အကျင့်စာရိတ္တ ပေါ်၌ရှိနေ၏။) စူရဟ်ကလမ် (၆၈း၄) ကိုယ်တော်မြတ်(ﷺ)သည် မှန်ကန်ဖြောင့်မတ်ခြင်း၊ ရိုးသားခြင်း၊ သတ္တိရှိခြင်း၊ တရားမျှတခြင်း၊ ရန်သူများနှင့်ပင် ကတိသစ္စာရှိခြင်း၊ ရက်ရောခြင်းစသည့် မွန်မြတ်သော အကျင့်စာရိတ္တများနှင့် ပြည့်စုံသူ ဖြစ်သည်။ ထို့ပြင်

ဆင်းရဲသားများ၊ ကျောမွဲများ၊ မုဆိုးမများနှင့် လိုအပ်ချက်ရှိနေသူတို့ အား လှူဒါန်းပေးကမ်းခြင်းကို နှစ်သက်တော်မူသည်။ ကိုယ်တော်သည် သူတို့ ဟိဒါယသ် တရားလမ်းမှန်ရရှိရန် စိတ်ဆန္ဒထက်သန်တော်မူပြီး သူတို့အပေါ် သနားကရုဏာထားကာ မိမိကိုယ် မိမိနှိမ့်ချသူလည်းဖြစ်သည်။ တမန်တော်မြတ်(ﷺ)သည် သာဝကကြီးများနှင့် အတူရှိနေစဉ် လူစိမ်းတစ်ဦးရောက်လာပြီး ကိုယ်တော်မြတ်အားရှာဖွေခဲ့ရာ မည်သူသည် တမန်တော်ဖြစ်ကြောင်းမသိသဖြင့် သူက ဆွဟာဗဟ် (رَضِيَ اللهُ عَنْهُمْ)တို့အား အသင်တို့ အနက် မုဟမ္မဒ်သည် မည်သူပါနည်းဟုမေးမြန်းခဲ့ရသည်။

ကိုယ်တော်မြတ်၏ အတ္တုပ္ပတ္တိသည် ရန်သူ၊ မိတ်ဆွေ၊ ဆွေမျိုးသားချင်းများ၊ သူစိမ်း များ၊ အသက်ကြီးသူ၊ ငယ်ရွယ်သူ၊ အမျိုးသား၊ အမျိုးသမီး၊ တိရစ္ဆာန်များ၊

ငှက်များ စသည်တို့အားလုံးနှင့် ဆက်ဆံရာ၌ ပြီးပြည့်စုံမှုနှင့် မြင့်မြတ်မှု၏ လက္ခဏာတစ်ရပ်ဖြစ်သည်။

အလ္လာဟ်အရှင်မြတ်သည် မိမိ၏သာသနာကို ပြည့်ဝစုံလင်အောင် ပြုတော်မူခဲ့ပြီး၊ တမန်တော်မြတ် (ﷺ)ကလည်း မိမိ၏ရိစာလသ်တာဝန်ကို အပြည့်အဝ ပို့ချပြီးသည့်အခါ သက်တော် ခြောက်ဆယ့်သုံးနှစ်တွင် ဝဖာသ်ဖြစ် ကွယ်လွန်တော်မူခဲ့၏။ နဗူဝသ်မရခင် သက်တော်လေးဆယ်နေထိုင်ခဲ့ပြီး၊ နဗီရစူလ်အဖြစ် နှစ်ဆယ့်သုံးနှစ်နေထိုင်တော်မူခဲ့ သည်။ ကိုယ်တော်မြတ် (ﷺ)အား မဒီနာရွှေမြို့တော်၌ပင် မြှုပ်နှံထားတော်မူသည်။ ကိုယ် တော်မြတ်သည် မိမိစီးနင်းသည့် အဖြူရောင်လားအမတစ်ကောင်နှင့် ခရီးသွားများ အတွက် လှူဒါန်းထားသော မြေတစ်ကွက်မှလွဲ၍ အခြားမည်သည့် ဥစ္စာပစ္စည်းနှင့် အမွေ ကိုမျှ ချန်ထားခဲ့ခြင်းမရှိပေ။

မြောက်မြားစွာသော သူတို့သည် အစ္စလာမ်သာသနာကို သက်ဝင်ပြီး ကိုယ်တော်မြတ်အား ထောက်ခံယုံကြည်ကာ နောက်လိုက်ခဲ့ကြသည်။ (ဟဂ်ျဂျသွလ်ဝဒါအ်) နောက်ဆုံး ဟဂ်ျ၌ ဆွဟာဗဟ်သာဝက တစ်သိန်းကျော်သည် ကိုယ်တော်မြတ်နှင့်အတူ ဟဂ်ျပြုလုပ် ခဲ့ကြသည်။ ထိုဟဂ်ျသည် ကိုယ်တော်မြတ် မကွယ်လွန်မီ သုံးလခန့်အလိုတွင် ပြုလုပ်ခဲ့ ခြင်းဖြစ်သည်။ ဤအချက်သည် ကိုယ်တော်ယူဆောင်လာသည့် သာသနာတော်အား ထိန်းသိမ်းစောင့်ရှောက်ခြင်းနှင့် ပြန့်ပွားခြင်း၏ လျှို့ဝှက်ချက် တစ်ခုဖြစ်နိုင်သည်။ ကိုယ်တော်မြတ် (ﷺ)က အစ္စလာမ်သာသနာ၏ တန်ဖိုးနှင့် အခြေခံစည်းမျဉ်းများပေါ်တွင် ပြုစုပျိုးထောင်ခဲ့သည့်သာဝကကြီးများသည် တရားမျှတမှု၊ လောကီစွန့်လွှတ်မှု၊ သက္ကဝါ အပြစ်ရှောင်ကြဉ်မှု၊ သစ္စာရှိမှုနှင့် မိမိတို့သက်ဝင်ယုံကြည်ခဲ့ကြသည့်

ကြီးကျယ်မြင့်မြတ် လှသော သာသနာတော်အတွက် သုံးစွဲလှူဒါန်းမှုတို့တွင် အကောင်းဆုံး သာဝကတော်များဖြစ်ခဲ့ကြသည်။

ဆွဟာဗဟ် (رَضِيَ اللّٰهُ عَنْهُمْ)များအနက် အီမာန်အရဖြစ်စေ၊ အသိပညာအရဖြစ်စေ၊ အမလ်ကျင့်သုံးမှုအရဖြစ်စေ၊ အိခ်လာဆ္ စိတ်စေတနာဖြူစင်မှု အရဖြစ်စေ၊ ထောက်ခံမှုအရဖြစ်စေ၊ သုံးစွဲလှူဒါန်းမှုအရဖြစ်စေ၊ သတ္တိရှိမှုအရဖြစ်စေ၊ ဂုဏ်သိက္ခာရှိမှုအရဖြစ်စေ အမြင့်မြတ်ဆုံး သူများမှာ အဗူဗကရ် ဆိဒ္ဒီးက်၊ အုမရ်ဗင်န်ခဿာဗ်၊ အွတ်စ်မာန်ဗင်န် အဖ္ဖာန်၊ အလီဗင်န် အဗူဿာလိဗ် (رَضِيَ اللّٰهُ عَنْهُمْ)စသည့် သာဝကကြီးများဖြစ်ကြသည်။ ထို သာဝကကြီးများသည် ကိုယ်တော်မြတ်အား ပထမဦးဆုံး အီမာန်သက်ဝင်ယုံကြည်ကာ ထောက်ခံခဲ့ကြသူများထဲတွင် ပါဝင်ပြီး သူတို့သည်

ကိုယ်တော်၏ နောက်တွင် သာသနာ့ အလံတော်ကို ကိုင်ဆောင်ခဲ့ကြသည့် ခလီဖဟ် သမ္မတကြီးများဖြစ်ခဲ့ကြသည်။ သို့သော် သူတို့တွင် နဗီဖြစ်ခြင်းနှင့်သက်ဆိုင်သည့် မည်သည့် ထူးခြားချက်မျှ မရှိသလို ကိုယ်တော် မြတ်၏ အခြားသာဝကြီးများနှင့် မသက်ဆိုင်ဘဲ ထိုသာဝကတော်များနှင့်သာ သက်ဆိုင် သည့် သီးသန့်ကိစ္စရပ်ဟူ၍လည်း မရှိပေ။

အလ္လာဟ်အရှင်မြတ်သည် တမန်တော်မြတ်ယူဆောင်လာသည့် မိမိ၏ကျမ်းတော် မြတ်နှင့် ကိုယ်တော်မြတ်၏ စွန္နဟ်လမ်းစဉ်များ၊ ကိုယ်တော်မြတ်၏ အတ္ထုပ္ပတ္တိ၊ ကိုယ် တော်မြတ်၏ ဩဝါဒတော်များနှင့် ကိုယ်တော်မြတ်၏ ဆောင်ရွက်ချက်များအားလုံးကို ကိုယ်တော်မြတ် ပြောကြားခဲ့သည့် ဘာသာစကားဖြင့်ပင် ထိန်းသိမ်းစောင့်ရှောက်ထား တော်မူ၏။

သမိုင်းတစ်လျှောက်တွင် တမန်တော်မြတ်(ﷺ)၏ အတ္ထုပ္ပတ္တိကိုထိန်းသိမ်းခဲ့ သည့်အတိုင်း မည်သူ့ အတ္ထုပ္ပတ္တိကိုမျှ မထိန်းသိမ်းခဲ့ကြပေ။ ကိုယ်တော်သည် မည်သို့ အိပ်သည်၊ မည်သို့စားသောက်သည်၊ မည်သို့ရယ်သည်၊ အိမ်တော်၌ မိမိ၏သားစုနှင့် မည်သို့ပြောဆို ဆက်ဆံသည်ကအစ အခြေအနေအားလုံးကို ကိုယ်တော်၏ (စီရသ်) အတ္ထုပ္ပတ္တိကျမ်း၌ အသေးစိတ်မှတ်တမ်းတင် ထိန်းသိမ်းထားသည်။ ကိုယ်တော်မြတ် သည် လူသားရစူလ် တမန်တော်တစ်ပါးဖြစ်ပြီး ဖန်ဆင်းရှင်နှင့်သက်ဆိုင်သည့် မည်သည့် ဝိသေသလက္ခဏာမျှမရှိပေ။ ထို့ကြောင့် ကိုယ်တော်မြတ်သည် မိမိအတွက် မိမိ မည်သည့် ကောင်းကျိုး၊ ဆိုးကျိုးကိုမျှ မပိုင်ဆိုင်ပေ။

## (၄) ကိုယ်တော်မြတ် ရစူလ်တမန်တော်ဖြစ်ခြင်းအကြောင်း

လောကတစ်ခွင်၌ ရှိရက် ဖက်စပ်ယှဉ်တွဲကိုးကွယ်မှု၊ ကုဖ်ရ် သေွဖည်ငြင်းပယ်မှုနှင့် အသိပညာ ကင်းမဲ့မှုများ ပြန့်နှံ့သွားသည့်နောက် အလ္လာဟ်အရှင်မြတ်သည် မုဟမ္မဒ် (ﷺ) ကို ရစူလ်တမန်တော်အဖြစ် စေလွှတ်တော်မူခဲ့၏။ ကမ္ဘာမြေပေါ်တွင် အလ္လာဟ်အရှင် မြတ်ကို ခဝပ်ကိုးကွယ်ပြီး အရှင်မြတ်နှင့်အတူမည်သည့်အရာကိုမျှ ယှဉ်တွဲကိုးကွယ်ခြင်း မပြုသူဟူ၍ (အဟ်လွလ်ကိသာဗ်) ကျမ်းရပုဂ္ဂိုလ်များအနက်မှ မပြောပလောက်သည့် ပမာဏသာ ကျန်ရှိတော့သည်။ ထို့ကြောင့် အလ္လာဟ်အရှင်မြတ်သည် မိမိ၏ရစူလ် တမန်တော် မုဟမ္မဒ်(ﷺ)ကို နောက်ဆုံး နဗီ၊ရစူလ်တမန်တော်အဖြစ် စေလွှတ်တော်မူခဲ့ ခြင်းဖြစ်သည်။ အလ္လာဟ်အရှင်မြတ်သည်

တမန်တော်မြတ်အား သာသနာအားလုံးအပေါ် တွင် လွှမ်းမိုးစေရန်နှင့် လူသားတို့အား ရုပ်တုကိုးကွယ်မှု၊ သွေဖည်ပြင်းပယ်မှု၊ အသိပညာ ကင်းမဲ့မှု၏ အမိုက်အမှောင်မှ တစ်ပါးတည်းသော အရှင်ကိုသာ ယုံကြည်ကိုးကွယ်သည့် သောင်ဟီးဒ် တစ်ပါးတည်းသောအရှင်ကိုသာ ယုံကြည်ကိုးကွယ်ခြင်းနှင့် အီမာန်ယုံကြည် မှု၏ အလင်းရောင်သို့ ထုတ်ရန်အတွက် လမ်းမှန်တရား၊ မှန်ကန်သော သာသနာနှင့်တကွ ကမ္ဘာခပ်သိမ်းအတွက် စေလွှတ်တော်မူခဲ့၏။ တမန်တော်မြတ်၏ ရိစာလသ်သည် လွန်လေပြီးသောနဗီ၊ ရစူလ်တမန်တော်(عَلَيْهِمُ السَّلَامُ)များ၏ (ရိစာလသ်) အလ္လာဟ်အရှင် မြတ်၏ သတင်းစကားများကို ပြည့်ဝစုံလင်စေတော်မူသည်။

တမန်တော်မြတ်(ﷺ)သည် နဗီ၊ရစူလ်များဖြစ်သည့် နူးဟ်၊ အိဗ်ရာဟီမ်၊ မူစာ၊ စုလိုင် မာန်၊ ဒါဝူးဒ်၊ အီစာ

(عَلَيْهِمُ السَّلَامُ) စသည့်တမန်တော်များ ဖိတ်ခေါ် ခဲ့ကြသော တရား များဖြစ်သည့် ဖန်ဆင်းမွေးမြူတော်မူသောအရှင်သည် အလ္လာဟ်အရှင်မြတ်သာဖြစ်ပြီး ထိုအရှင်မြတ်သည်ပင် ဖန်ဆင်းတော်မူသောအရှင်၊ ရိုဇီရိက္ခာ ချီးမြှင့်တော်မူသောအရှင်၊ ရှင်စေ သေစေ တော်မူသောအရှင်၊ အလုံးစုံသော အုပ်ချုပ်မှုအာဏာတို့ကို စိုးပိုင်တော်မူ သောအရှင်၊ အရေးကိစ္စတိုင်းကို စီမံခန့်ခွဲတော်မူသောအရှင်၊ ကြင်နာတော်မူသောအရှင်၊ မပြတ်မစဲ သနားညှာတာတော်မူသောအရှင်၊ စကြဝဠာအတွင်း၌ ကျွန်ုပ်တို့မြင်တွေ့ရ သော မမြင်တွေ့ရသော အရာခပ်သိမ်းအား ဖန်ဆင်းတော်မူသောအရှင်၊ အလ္လာဟ်အရှင် မြတ်မှအပ အရာခပ်သိမ်းအလုံးစုံသည် အရှင်မြတ်၏ အဖန်ဆင်းခံများသာဖြစ်ကြောင်း အီမာန် သက်ဝင်ယုံကြည်ရန် ဖိတ်ခေါ် ခဲ့ခြင်းဖြစ်သည်။

ထို့အတူ အလ္လာဟ်အရှင်မြတ် တစ်ပါးတည်းကိုသာခဝပ်ကိုးကွယ်ရန်နှင့် အလ္လာဟ် အရှင်မြတ်မှအပအခြားအရာများကို ခဝပ်ကိုးကွယ်ခြင်းအားစွန့်လွှတ်ရန် ဖိတ်ခေါ်ခဲ့ သည်။ ထို့အပြင် အလ္လာဟ်အရှင်မြတ်သည် ခဝပ်ကိုးကွယ်မှုခံထိုက်ခြင်းတွင်လည်း ကောင်း၊ စိုးပိုင်ခြင်းတွင်လည်းကောင်း၊ ဖန်ဆင်းခြင်းတွင်လည်းကောင်း၊ စီမံခန့်ခွဲခြင်း တွင်လည်းကောင်း တစ်ဆူတည်း ဖြစ်တော်မူပြီး ဖက်စပ်ယှဉ်တွဲနိုင်မည့်သူဟူ၍ မရှိ ကြောင်း ပြည့်စုံစွာ ရှင်းလင်းတင်ပြခဲ့သည်။ ထို့ပြင် ချွတ်ယွင်းမှုအပေါင်းမှ ကင်းစင်တော် မူသော အလ္လာဟ်အရှင်မြတ်သည် မည်သူ့ကိုမျှ မမွေးဖွားခဲ့သလို တစ်ဦးတစ်ယောက်၏ မွေးဖွားခြင်းကိုလည်း ခံခဲ့ရခြင်းမရှိ၊ ထိုအရှင်မြတ်နှင့် ဂုဏ်ရည်တူဟူ၍လည်းမရှိ၊ ထို အရှင်မြတ်နှင့် တူသည့်အရာဟူ၍လည်းမရှိ၊ ထိုအရှင်မြတ်သည်

မိမိအဖန်ဆင်းခံများ ထဲသို့ဝင်စားခြင်းလည်းမရှိ၊ မည်သည့် အဖန်ဆင်းခံ၏ ခန္ဓာကိုယ်ပုံသဏ္ဍာန်ကိုမျှရယူခြင်း လည်းမရှိကြောင်း ရှင်းလင်းတင်ပြခဲ့သည်။

ထို့အပြင် ကိုယ်တော်မြတ်သည် တမန်တော် အိဗ်ရာဟီမ် (عَلَيْهِ السَّلَامُ)နှင့် တမန်တော် မူစာ(عَلَيْهِ السَّلَامُ)တို့အပေါ်ချပေးသည့် ဆွဟီဖဟ်ကျမ်းငယ်များ၊ သောင်ရာသ်ကျမ်း၊ ဇဗူရ် ကျမ်း၊ အင်န်ဂျီလ်ကျမ်းများကဲ့သို့ အလ္လာဟ်အရှင်မြတ်၏ ကျမ်းဂန်များကို အီမာန်သက် ဝင်ယုံကြည်ကြရန် ဖိတ်ခေါ် ခဲ့သည်။ ထို့အတူ ရစူလ်တမန်တော်(عَلَيْهِمُ السَّلَامُ)များ အားလုံး ကို အီမာန်သက်ဝင်ယုံကြည်ရန် ဖိတ်ခေါ် ခဲ့ပြီး မည်သူမဆို နဗီတမန်တော် တစ်ပါးပါးကို ငြင်းပယ်ပါက နဗီတမန်တော်အားလုံးကို ငြင်းပယ်ခြင်းပင်ဖြစ်ကြောင်း သတ်မှတ်တော်မူ ခဲ့၏။

ကိုယ်တော်မြတ်သည် လူသားထုတစ်ရပ်လုံးအား အလ္လာဟ်အရှင်မြတ်၏ ကရုဏာ တော်နှင့် စပ်လျဉ်း၍ သတင်းကောင်းပေးခဲ့သည်။ အလ္လာဟ်အရှင်မြတ်သည် လောက၌ လူသားအားလုံး၏ လိုအပ်ချက်များကို တာဝန်ယူထားတော်မူသောအရှင်၊ ဖန်ဆင်းမွေး မြူတော်မူသောအရှင်၊ မဟာကရုဏာရှင်ဖြစ်တော်မူ၏။ ကိယာမသ်နေ့၌ အဖန်ဆင်းခံ များကို ကဗရ်သင်္ချိုင်းများမှ ပြန်လည် ရှင်ပြန်ထစေပြီးနောက် ၎င်းတို့အားလုံးအား အရှင် မြတ် တစ်ပါးတည်းကသာ စစ်ဆေးတော်မူမည်ဖြစ်သည်။ ထို့နောက် အရှင်မြတ်သည် မုအ်မင်န် သက်ဝင်ယုံကြည်သူတို့အား ၎င်းတို့၏ကောင်းမြတ်သည့် အမလ်ကျင့်ဆောင်မှု များအပေါ် အကျိုးကုသိုလ် ဆယ်ဆချီးမြှင့်တော်မူပြီး၊ မကောင်းမှုအပေါ် ယင်းနှင့်အညီ အစားပေးတော်မူမည်။ မုအ်မင်န်

သက်ဝင်ယုံကြည်သူတို့အတွက် နောင်တမလွန် အာခိရသ်တွင် အမြဲထာဝရတည်မြဲမည့် စည်းစိမ်ချမ်းသာများရှိမည်ဖြစ်သည်။ မည်သူမဆို သွေဖည်ငြင်းပယ်ပြီး မကောင်းမှုဒုစရိုက်များ ကျူးလွန်ခဲ့ပါက လောကီ၊ လောကုတ္တရာ နှစ်ဌာနစလုံးတွင် ယင်း၏ဆိုးကျိုးကို ခံစားရမည်ဖြစ်သည်။

တမန်တော် မုဟမ္မဒ် (ﷺ)သည် မိမိ၏တရားစကားများ၌ မိမိ၏မျိုးနွယ်၊ မိမိ၏မြို့ရွာနှင့် မိမိကိုယ်မိမိ အမွှမ်းတင်ခဲ့ခြင်းမရှိ။ သို့သာမက ကုရ်အာန်ကျမ်းမြတ်တွင် နဗီတမန် တော်များဖြစ်သည့် နူးဟ်၊ အိဗ်ရာဟီမ်၊ မူစာ ၊ အီစာ (عَلَيْهِمُ السَّلَامُ) စသည့် တမန်တော်များ ၏ အမည်များကို တမန်တော်မြတ်၏ အမည်ထက် အကြိမ်ပေါင်းများစွာ ဖော်ပြထား သည်ကို တွေ့ရမည်ဖြစ်သည်။ ကိုယ်တော်မြတ်၏ မိခင်နှင့် ကြင်ရာတော်များ၏ အမည် များကို

ကုရ်အာန်ကျမ်းမြတ်တွင် ဖော်ပြမထားပေ။ သို့သော် ကုရ်အာန်ကျမ်းမြတ်တွင် တမန်တော်မူစာ၏ မိခင်အမည်ကို တစ်ကြိမ်မက ဖော်ပြထားပြီး၊ မရ်ယမ် (عَلَيْهَا السَّلَامُ)၏ အမည်ကို သုံးဆယ့်ငါးကြိမ် ဖော်ပြထားကြောင်း တွေ့ရှိရသည်။

တမန်တော် မုဟမ္မဒ် (ﷺ)သည် ရှရီအဟ် တရားတော်ဖြင့်လည်းကောင်း၊ အသိတရား ဖြင့်လည်းကောင်းနှင့် လူ့ဗီဇဖြင့်လည်းကောင်း၊ မွန်မြတ်သည့် အကျင့်စာရိတ္တဖြင့်လည်း ကောင်း ဆန့်ကျင်သည့် အရာတိုင်းမှ ထိန်းသိမ်းစောင့်ရှောက်ခြင်း ခံရသူဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် နဗီတမန်တော် (عَلَيْهِمُ السَّلَامُ)တို့သည် အလ္လာဟ်အရှင်မြတ်နှင့် ပတ်သက်၍ ပို့ချသည့် အကြောင်းအရာများတွင် အမှားကင်းရန် ထိန်းသိမ်းစောင့်ရှောက် ခြင်းခံထားရပြီး ၎င်းတို့သည် အလ္လာဟ်အရှင်မြတ်၏ အမိန့်တော်များကို

အရှင်မြတ်၏ ကျေးကျွန်များထံ ပို့ချရန်အတွက် တာဝန်ပေးအပ်ခြင်းခံရသော ပုဂ္ဂိုလ်များဖြစ်ကြ၏။ ထိုတမန်တော်များတွင် ဖန်ဆင်းခြင်း၊ ခဝပ်ကိုးကွယ်မှု ခံထိုက်ခြင်းတို့နှင့်သက်ဆိုင်သော မည်သည့်ဂုဏ်ဝိသေသမျှမရှိပေ။ ၎င်းတို့သည်အခြားလူသားများကဲ့သို့ လူသားပင်ဖြစ် ကြပြီး အလ္လာဟ်အရှင်မြတ်က မိမိ၏အမိန့်တော်များကို ၎င်းတို့ထံ ဝဟီပို့ချတော်မူသည်။

ရစူလ်တမန်တော် မုဟမ္မဒ် (ﷺ)၏ ရိစာလသ်သည် အလ္လာဟ်အရှင်မြတ်၏ ဝဟီဗျာ ဒိတ်တော်ဖြစ်ကြောင်း အကြီးကျယ်ဆုံး သက်သေအထောက်အထားများအနက် တစ်ခု မှာ ထိုသတင်းစကားများသည် ကိုယ်တော်မြတ် သက်ရှိထင်ရှားရှိစဉ်က အခြေနေအတိုင်း ယနေ့ထက်တိုင် ရှိနေခြင်းဖြစ်သည်။ သန်းပေါင်းများစွာသော မွတ်စ်လင်မ်များသည်

ထိုဗျာဒိတ်တော်များကို လိုက်နာခဲ့ကြပြီး ရှုရှီအဟ်တရားတော်၏ ဖရ်သဠ်တာဝန်များ ဖြစ်သည့် ဆွလာသ်၊ ဇကာသ်၊ ဆွိယာမ်၊ ဟဂ်ျနှင့် အခြားတာဝန်များကို ပြောင်းလဲခြင်း၊ အတိုးအလျှော့လုပ်ခြင်းတို့မရှိဘဲ အကောင်အထည်ဖော်ကျင့်သုံးနေကြသည်။

## (၅) ကိုယ်တော်မြတ် နဗီတမန်တော်ဖြစ်ခြင်း၏ သက်သေလက္ခတော်များနှင့် အထောက်အထားများ။

အလ္လာဟ်အရှင်မြတ်သည် နဗီတမန်တော်များအား နဗီတမန်တော်ဖြစ်ကြောင်း ညွှန်ပြ နေသော သက်သေလက္ခဏာတော်များဖြင့် အားပေးကူညီတော်မူခဲ့သည်။ ထို့ပြင် ၎င်းတို့ ၏ ရိုစာလသ် သတင်းစကားများနှင့် ပတ်သက်၍ သက်သေခံသော ခိုင်မာသည့် အထောက်အထားများကိုလည်း တည်ရှိစေတော်မူသည်။ အလ္လာဟ်အရှင်မြတ်သည် နဗီ တမန်တော်တိုင်းအား သူတို့ကဲ့သို့ လူသားများက သူတို့အပေါ် အီမာန်သက်ဝင်ယုံကြည် လာရန်အတွက် ပြည့်စုံလုံလောက်သော သက်သေလက္ခဏာတော်များကို ချီးမြှင့်တော်မူ ခဲ့သည်။ နဗီတမန်တော်များ ချီးမြှင့်ခြင်းခံရသည့် သက်သေ လက္ခဏာတော်များအနက် ကျွန်ုပ်တို့၏

နဗီတမန်တော် မုဟမ္မဒ် (ﷺ)အား ချီးမြှင့်ခဲ့သည့် သက်သေလက္ခဏာတော် များသည် အကြီးကျယ်ဆုံးပင်ဖြစ်သည်။အလ္လာဟ်အရှင်မြတ်သည် တမန်တော်မြတ်အား ကုရ်အာန်ကျမ်းမြတ်ကို ချီးမြှင့်တော်မူခဲ့၏။ အလ္လာဟ်အရှင်မြတ်သည် တမန်တော်မြတ် အား ကြီးကျယ်လှသည့် သက်သေခံလက္ခဏာတော်များ (တန်ခိုးပြာဋိဟာများ) ဖြင့်ကူညီ တော်မူခဲ့သည့်အတိုင်းပင် ကုရ်အာန်ကျမ်းမြတ်သည် နဗီတမန်တော်များ၏ သက်သေ လက္ခဏာတော်များအနက် ကိယာမသ် ကမ္ဘာပျက်မည့်နေ့တိုင် တည်တံ့နေမည့် သက်သေ လက္ခဏာတော် တစ်ပါးပင်ဖြစ်သည်။ ရစူလ်တမန်တော် မုဟမ္မဒ် (ﷺ)၏ သက်သေ လက္ခဏာတော်များသည် အမြောက်အမြားရှိပြီး ယင်းတို့အနက် အချို့မှာ -

တစ်ညတည်း၌ မက္ကဟ်မြို့ရှိ မတ်စ်ဂျစ်ဒ်ဒေဟရာမ်မှ ဂျေရုစလင်မ်ရှိ မတ်စ်ဂျစ်ဒ် ဒေအက္ကဆွာသို့ ကြွမြန်းတော်မူပြီး ထိုမှတစ်ဆင့် မိုးကောင်းကင်ခုနှစ်ထပ်ပေါ်သို့ ကြွမြန်း တော်မူခြင်း၊ လစန္ဒာအားနှစ်ခြမ်းခွဲပြတော်မူခြင်း၊ မိုးခေါင်ရေရှားဖြစ်မှုကြောင့် လူတို့ရေရ ရှိရန်အတွက် အလ္လာဟ်အရှင်မြတ်ထံတော်တွင် မိုးဆုပန်ပြီးသည့်အခါ မိုးအကြိမ်ကြိမ်ရွာ သွန်ခြင်း၊ အနည်းငယ်သော အစားအစာနှင့် ရေတို့သည် အများအပြားဖြစ်သွားပြီး ယင်း တို့ ကိုလူအများ စားသောက်နိုင်ခြင်း၊ မည်သူမှ အကျယ်တဝင့်မသိနိုင်သည့် အတိတ်တွင် ဖြစ်ပျက်ခဲ့သည့်အကြောင်းအရာများကို အသိပေးမိန့်ကြားတော်မူခြင်း၊ နဗီတမန်တော် (عَلَيْهِمُ السَّلَامُ)များနှင့် ၎င်းတို့၏ အွမ္မသ်နောက်လိုက်များ၏ အတ္ထုပ္ပတ္တိများ၊ (အဆွ်ဟာ ဗုလ်ကဟ်ဖ်)

လိုင်ဂူရှင်များအကြောင်းစသည်တို့ကို အသိပေးမိန့်ကြားတော်မူခြင်း၊ အလ္လာဟ်အရှင်မြတ်က ကိုယ်တော်မြတ်အား အသိပေးတော်မူခဲ့သည့် အနာဂတ်တွင် ဖြစ်လာမည့် အကြောင်းအရာများဖြစ်သော ဟိဂျာဇ်နယ်မြေမှ မီးထွက်ပေါ်လာပြီး ၎င်းကို ရှာမ်(ဆီးရီးယား)ဒေသရှိသူများပါ မြင်တွေ့ရခြင်း၊ လူတို့သည့် အဆောက်အဦးများကို မြင့်မားစွာဆောက်လုပ်မည့်အကြောင်း စသည်တို့ကိုကြိုတင် မိန့်ကြားခဲ့ခြင်း၊ အလ္လာဟ် အရှင်မြတ်သည် ကိုယ်တော်မြတ်အတွက် အရေးကိစ္စတိုင်းတွင် လုံလောက်တော်မူပြီး လူတို့၏ ဘေးအန္တရာယ်များမှ ထိန်းသိမ်းစောင့်ရှောက်တော်မူခြင်း၊ ထို့အတူ ကိုယ်တော် မြတ်သည် မိမိ၏သာဝကကြီးများကို မိန့်ကြားခဲ့သည့် (ကေန်အမှန်ပင် အသင်တို့သည်

ပါရှန်းနှင့် ရောမကို အောင်နိုင်ကြမည်။ ၎င်းနှစ်နိုင်ငံ၏ ဘဏ္ဍာတော်များသည် အလ္လာဟ် အရှင်မြတ်၏ လမ်းတော်၌ ခွဲဝေပေးခြင်းခံရလိမ့်မည်။)ဟူသည့် ကတိစကားများ အကောင်အထည်ပေါ်လာခြင်း၊ အလ္လာဟ်အရှင်မြတ်သည် တမန်တော်မြတ်အား (မလာအိကဟ်) ကောင်းကင်တမန်တော်များဖြင့် ကူညီတော်မူခဲ့ခြင်း စသည်တို့ဖြစ်သည်။

နဗီတမန်တော် (عَلَيْهِمُ السَّلَامُ)များသည် သူတို့၏ အွမ္မသ်နောက်လိုက်တို့အား ရစူလ် တမန်တော် မုဟမ္မဒ် (ﷺ)ပွင့်ပေါ်တော်မူမည့်အကြောင်း သတင်းပေးခဲ့ကြသည်။ ထိုသို့ သတင်းပေးသူများထဲတွင် တမန်တော် မူစာ၊ တမန်တော် ဒါဝူးဒ်၊ တမန်တော် စုလိုင်မားန်၊ တမန်တော် အီစာနှင့် ဗနီအစ္စရာအီလ်တို့တွင် ပွင့်ပေါ် ခဲ့သော နဗီတမန်တော် (عَلَيْهِمُ السَّلَامُ) များ ပါဝင်ခဲ့သည်။

ဆင်ခြင်တုံတရား ဆိုင်ရာအထောက်အထားများနှင့် သမာသမတ်ရှိသည့် အသိတရား က လက်ခံနိုင်သော ဥပမာ ပုံဆောင်ချက်များဖြင့်လည်း ကိုယ်တော်သည် စစ်မှန်သည့် နဗီ တမန်တော်ဖြစ်ကြောင်း သိရှိနိုင်သည်။

ဤသို့သော သက်သေလက္ခဏာတော်များ၊ အထောက်အထားများနှင့် ဆင်ခြင်တုံ တရားဆိုင်ရာ ဥပမာများသည် ကျမ်းမြတ်ကုရ်အာန်နှင့် ဟဒီးဆ်တော်များ၌ နေရာ အသီးသီးတွင် ဖော်ပြထား၏။ ကိုယ်တော်မြတ်သည် နဗီတမန်တော်ဖြစ်ကြောင်း သက်သေလက္ခဏာတော်များသည် မရေမတွက်နိုင်လောက်အောင်ပင် များပြားလှသည်။ ဤအကြောင်းအရာနှင့် ပတ်သက်၍ သိလိုသူ မည်သူမဆို ကုရ်အာန်ကျမ်းမြတ်၊ ဟဒီးဆ် ကျမ်းတော်များနှင့် တမန်တော်မြတ်(ﷺ)၏ အတ္ထုပ္ပတ္တိတို့ကို လေ့လာသုံးသပ်ကြည့်သင့်

သည်။ထိုကျမ်းများတွင် ဤသက်သေလက္ခဏာတော်များနှင့် စပ်လျဉ်း၍ ယုံကြည်စိတ်ချ ရသော သတင်းစကားများ ပါရှိသည်။

အကယ်၍ ဤကြိုးကျယ်လှသည့် သက်သေလက္ခဏာတော်များသာ မရှိခဲ့လျှင် ကိုယ်တော်၏ ပြိုင်ဘက်များဖြစ်သော ကုရိုင်း၏ ကာဖိရ် မယုံကြည်သူများနှင့် အာရေဗျကျွန်း ဆွယ်၌ နေထိုင်ကြသော ဂျူးနှင့် ခရစ်ယာန်တို့သည် ကိုယ်တော့်အား ငြင်းပယ်ရန်နှင့် လူတို့အား ကိုယ်တော်နှင့်ပတ်သက်၍ ဟန့်တားရန်အတွက် အခွင့်ကောင်း ရရှိသွားကြ မည်ဖြစ်သည်။

ကုရ်အာန်ကျမ်းမြတ်သည် အလ္လာဟ်အရှင်မြတ်က တမန်တော်မုဟမ္မဒ်(ﷺ)ထံ ထုတ် ပြန်ပို့ချခဲ့သော ကျမ်းဂန်ဖြစ်ပြီး ထိုကျမ်းဂန်သည် စကြဝဠာ အပေါင်းအားအဆင့်ဆင့် ပြုစုပျိုးထောင်တော်မူသော အလ္လာဟ်အရှင်မြတ်၏ မုက္ခပါဌ်တော်လည်းဖြစ်၏။

၎င်းပြင် အလ္လာဟ်အရှင်မြတ်သည် လူသားနှင့်ဂျင်(န်)တို့ကို ထိုကျမ်းကဲ့သို့ ကျမ်းတစ်စောင် သို့မဟုတ် ထိုကျမ်းမြတ်နှင့် အလားတူ ကဏ္ဍတစ်ခုမျှ (စီကုံးရေးသား၍) ယူဆောင်လာ ပြီးယှဉ်ပြိုင်ကြရန် ဖိတ်ခေါ်ခဲ့သည်။ ထိုဖိတ်ခေါ်မှုသည် ယနေ့ထိတိုင် ရှိနေဆဲဖြစ်သည်။ ကုရ်အာန်ကျမ်းတော်မြတ်သည် လူသန်းပေါင်းများစွာ ဖြေရှင်းရန် မတတ်စွမ်းနိုင်သည့် အရေးပါသော မေးခွန်းပေါင်းများစွာကို ဖြေကြားပေးထားသည်။ ကြီးကျယ်လှသည့် ကုရ်အာန်ကျမ်းမြတ်သည် ယင်းကျရောက်ခဲ့သည့် အာရဗီဘာသာစကားဖြင့် ယနေ့တိုင် မည်သည့်အက္ခရာတစ်လုံးမျှ လျော့နည်းမှုမရှိဘဲ ထိန်းသိမ်းခံထားရသည်။ ထို့ပြင် ထိုကျမ်း မြတ်အား ပုံနှိပ်ထုတ်ဝေလျက်ရှိသည်။ ထိုကျမ်းမြတ်သည် ကြီးကျယ်လှပြီး အံ့ဖွယ် တန်ခိုးတော်များဖြင့် ပြည့်စုံသည့်ကျမ်းမြတ်ဖြစ်ပြီး

လူတို့ထံရောက်ရှိလာသည့် အကြီး ကျယ်ဆုံး ကျမ်းမြတ်လည်းဖြစ်သည်။ ထို့ကြောင့် ကုရ်အာန်ကျမ်းမြတ်မူရင်း သို့မဟုတ် ဘာသာပြန်အား ဖတ်ရှုလေ့လာသင့်သည်။ ထို့ပြင် မည်သူမဆို ကုရ်အာန်ကျမ်းမြတ်ကို လေ့လာဖတ်ရှုခြင်းနှင့် ထိုကျမ်းမြတ်အပေါ်ထားသည့် သက်ဝင်ယုံကြည်မှုတို့ ကွယ် ပျောက်သွားမည်ဆိုလျှင် မလွဲကေန် ထိုသူထံမှ အလုံးစုံသော ကောင်းခြင်းများ ကွယ် ပျောက်သွားမည်ဖြစ်သည်။ ထို့အတူ တမန်တော်မြတ် မုဟမ္မဒ်(ﷺ)၏ (စွန္နဟ်)လမ်းစဉ် များ၊ လမ်းညွှန်ချက်များနှင့် ကိုယ်တော်၏ အတ္ထုပ္ပတ္တိ စသည်တို့ကိုလည်း ယုံကြည်စိတ် ချရသော စဉ်ဆက်မပြတ်ဆင့်ပြန်သူတို့၏ ဆင့်ပြန်ချက်များအတိုင်း ထိန်းသိမ်းထားကာ တမန်တော်မြတ် မုဟမ္မဒ်(ﷺ) ပြောဆိုခဲ့သည့် အာရဗီဘာသာစကားဖြင့်ပင် ပုံနှိပ်ထား သောကြောင့်

ကိုယ်တော်မြတ်သည် ကျွန်တော်တို့ကြားတွင် ရှင်သန်နေထိုင်နေသည့် အလားပင်ဖြစ်သည်။ ထို့ပြင်မြောက်များစွာသော ဘာသာစကားတို့ဖြင့်လည်း ဘာသာ ပြန်ဆိုထားသည်။ ကုရ်အာန်ကျမ်းမြတ်နှင့် တမန်တော်မြတ်(ﷺ)၏ ဟဒီးဆ်သြဝါဒတော် များသည် အစ္စလာမ့်အမိန့်ပညတ်ချက်များနှင့် ပြဋ္ဌာန်းချက်တို့အတွက် တစ်ခုတည်းသော အရင်း အမြစ်ဖြစ်သည်။

# (၆) အလ္လာဟ်အရှင်မြတ်၏ ရစူလ်တမန်တော် မုဟမ္မဒ် (ﷺ) ယူဆောင်လာသော ရှရီအဟ်တရားလမ်းစဉ်အကြောင်း။

တမန်တော် မုဟမ္မဒ် (ﷺ) ယူဆောင်လာသော ရှရီအဟ်သည် အစ္စလာမ့် ရှရီအဟ် တရားလမ်းစဉ်ဖြစ်ပြီး ယင်းသည် အရှင်မြတ်၏ နောက်ဆုံး တရားလမ်းစဉ်နှင့် အရှင် မြတ်၏ မိန့်မှာချက်များ ဖြစ်သည်။ ထိုတရားလမ်းစဉ်သည် လွန်လေပြီးသော နဗီတမန် တော်(عَلَيْهِمُ السَّلَامُ)များ၏ တရားလမ်းစဉ်များနှင့် အသွင်သဏ္ဍာန် ကွဲပြားသော်လည်း အခြေခံအုတ်မြစ်တွင် အတူတူပင်ဖြစ်၏။

ယင်းသည် ပြီးပြည့်စုံသည့် တရားလမ်းစဉ်ဖြစ်ပြီး ခေတ်တိုင်း၊ နေရာတိုင်းအတွက် သင့်မြတ်မှုရှိသည်။ ထိုလမ်းစဉ်တွင် လူတို့၏ သာသနာရေးနှင့်

လောကီရေးကောင်း ကျိုးချမ်းသာ များပါရှိသည့်အပြင် စကြဝဠာအလုံးစုံကို ဖန်ဆင်းမွေးမြူတော်မူသော အလ္လာဟ်အရှင်မြတ်၏ ကျွန်များအပေါ်တွင် မပြုမနေရ တာဝန်အဖြစ် သတ်မှတ်ထား သည့် ဆွလာသ်ဆောက်တည်ခြင်း၊ ဇကာသ်ပေးဆောင်ခြင်းကဲ့သို့ ခဝပ်ကိုးကွယ်မှုများ အားလုံး ပါဝင်နေသည်။ ထို့ပြင် လူသားတို့အတွက် ငွေကြေးအပေးအယူကဏ္ဍများ၊ စီးပွားရေး၊ လူမှုရေး၊ နိုင်ငံရေး၊ စစ်ရေး၊ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ခွင့်ပြုချက်များ၊ တားမြစ်ချက်များ၊ လူ့ဘဝသက်တမ်း တလျှောက်လုံးနှင့် သေဆုံးပြီးနောက် ပြန်လှည့် ရမည့် နေရာဌာန အတွက်လိုအပ်သော အရာများအားလုံးကို ရှင်းလင်းတင်ပြထားသည်။

ဤရှရီအဟ်တရားဥပဒေသည် လူတို့၏ ဘာသာတရားများ၊ အသက်သွေးများ၊ ဂုဏ် သိက္ခာများ၊ ဥစ္စာပစ္စည်းများ၊ အသိတရားများနှင့်

သားစဉ်မြေးဆက်တို့အား ထိပါး စော်ကားခြင်း အမျိုးမျိုးမှ ကာကွယ်စောင့်ရှောက်ထားသည်။ ထိုတရားလမ်းစဉ်တွင် အလုံးစုံသော မှန်မြတ်မှုနှင့် ကောင်းမှုများပါဝင်ပြီး ပြစ်မှုဒုစရိုက်မှန်သမျှကို သတိပေး တားမြစ်ထားသည်။ ထို့ပြင် လူ့ဂုဏ်သိက္ခာ၊ အလယ်အလတ်ကျမှု၊ တရားမျှတမှု၊ ရိုးသားမှု၊ သန့်ရှင်းမှု၊ မှန်ကန်တိကျမှု၊ ချစ်ခြင်းမေတ္တာ၊ လူတို့အတွက် ကောင်းကျိုး ချမ်းသာကို နှစ်သက်ရန်၊ သွေးထွက်သံယိုမှုများကို တားမြစ်ရန်၊ နိုင်ငံများ၏ တည်ငြိမ်မှု အေးချမ်းသာယာမှုတို့ကို ထိန်းသိမ်းရန် ဖိတ်ခေါ်ထားပြီး လူတို့အားခြိမ်းခြောက်ခြင်း၊ မတရားသဖြင့် ခြောက်လှန့်ခြင်းတို့ကို မပြုလုပ်ရန် တားမြစ်ထားသည်။ တမန်တော် မုဟမ္မဒ်(ﷺ)သည် အမျိုးမျိုးသော ဖိနှိပ်ချုပ်ချယ်မှုများနှင့် ဖျက်ဆီးမှုများကို တိုက်ဖျက် ခဲ့ပြီး အခြေအမြစ်မရှိသောအရာများ၊ လူတို့ကိုစွန့်ခွာကာ

တောထွက်ခြင်း၊ ဘုန်းကြီး၊ ရဟန်းလမ်းစဉ် စသည်တို့ကိုလည်း ဆန့်ကျင်ခဲ့သည်။

တမန်တော်မုဟမ္မဒ်(ﷺ)က ရှင်းလင်းမိန့်ကြားခဲ့သည်မှာ အလ္လာဟ်အရှင်မြတ်သည် လူသား (အမျိုးသား၊ အမျိုးသမီး) တိုင်းအား ထူးကဲမြင့်မြတ်စေတော်မူပြီး သူတို့၏ အခွင့်အရေးအားလုံးကို အာမခံထားတော်မူသည်။ ထို့ပြင် လူသားအား သူ၏ရွေးချယ်မှု များ၊ လုပ်ဆောင်ချက်များ၊ အပြုအမူများ အားလုံးနှင့်စပ်လျဉ်း၍ တာဝန်ယူစေခဲ့ပြီး မိမိကိုယ်မိမိ ထိခိုက်နစ်နာစေသော သို့မဟုတ် အခြားသူများကို ထိခိုက်နစ်နာစေသော မည်သည့် လုပ်ရပ်အတွက်မဆို သူ့အား တာဝန်ခံစေခဲ့သည်။ ထို့ပြင် အမျိုးသား၊ အမျိုး သမီးတိုင်းအား အီမာန်သက်ဝင်ယုံကြည်မှု၊ တာဝန်ခံဖြစ်မှု၊ အစားပြန်လည်ရရှိမှု၊ အကျိုး ကုသိုလ်ရရှိမှုတို့တွင် တန်းတူပင်ပြုလုပ်တော်မူခဲ့သည်။

ဤရှရီအဟ်တရား လမ်းစဉ်တွင် အမျိုးသမီးတို့အား မိခင်များ၊ ဇနီးများ၊ သမီးများ၊ အစ်မနှမများစသည်ဖြင့် အထူးအလေး အမြတ်ထားကာ စောင့်ရှောက်မှုပေးထားသည်။

တမန်တော်မုဟမ္မဒ်(ﷺ)ယူဆောင်လာသော ရှရီအဟ်တရားလမ်းစဉ်သည် အသိဉာဏ် အား ထိန်းသိမ်းစောင့်ရှောက်ရန်နှင့် အရက်သောက်ခြင်းကဲ့သို့ အသိဉာဏ်အား ဖျက်ဆီး ပစ်သည့် အရာတိုင်းအားတားမြစ်ပိတ်ပင်ရန် ရောက်ရှိလာခဲ့ခြင်းဖြစ်သည်။ လူသားသည် မိမိ၏ဖန်ဆင်းရှင်အား အသိပညာ၊ခိုင်မာသည့် အထောက်အထားနှင့်တကွ ခဝပ်ကိုးကွယ် နိုင်ရန်အတွက် အစ္စလာမ်သာသနာသည် ဘာသာတရားအား အသိဉာဏ်၏ လမ်းကြောင်း ကို လင်းဝင်းစေသော အလင်းရောင်အဖြစ် သတ်မှတ်ထားသည်။ အစ္စလာမ့် တရားလမ်း စဉ်သည်

အသိဉာဏ်၏အဆင့်အတန်းကို မြှင့်တင်ပေးခဲ့ပြီး အသိဉာဏ်ကို သာသနာအား လိုက်နာကျင့်သုံးရန် တာဝန်ပေးအပ်ခြင်းခံရမှု၏ ပင်မဝင်ရိုးအဖြစ်သတ်မှတ်ထားသည်။ ထို့ပြင် အသိဉာဏ်အား ဒဏ္ဍာရီယုံတမ်းနှင့် ရုပ်တုဆင်းတုကိုးကွယ်မှုတို့၏ ချုပ်နှောင် ပိတ်ပင်ထားမှုများမှ လွတ်မြောက်စေခဲ့သည်။

ထို့ပြင် အစ္စလာမ့်တရားလမ်းစဉ်သည် မှန်ကန်သော အသိပညာကို ဂုဏ်ပေးချီး မြှောက်ထားပြီး ဘက်လိုက်မှုကင်းသော သုတေသနပြုခြင်းကိုလည်း အားပေးထား သည်။ ထိုနည်းတူ မိမိတို့ကိုယ်နှင့် ပတ်ဝန်းကျင်ရှိအရာများအား စဉ်းစားသုံးသပ်ခြင်း၊ စူးစမ်းလေ့လာခြင်းတို့ ပြုလုပ်ရန် ဖိတ်ခေါ်ထားသည်။ မှန်ကန်သည့် သိပ္ပံဆိုင်ရာ ရလဒ် များသည် တမန်တော်မုဟမ္မဒ်(ﷺ)ယူဆောင်လာသော အစ္စလာမ်သာသနာနှင့် ဆန့်ကျင် နေခြင်းမရှိပေ။

အစ္စလာမ့်တရားလမ်းစဉ်၌ လူတို့အား လိင်ပေါ်မူတည်၍ ခွဲခြားထားခြင်းမရှိသလို လူမျိုးတစ်မျိုးသည် အခြားလူမျိုးတစ်မျိုးထက် ပိုမွန်မြတ်သည်ဟူ၍လည်း မရှိပေ။ လူသားအားလုံးသည် အစ္စလာမ့်တရားဥပဒေရှေ့မှောက်၌ တန်းတူပင်ဖြစ်ကြသည်။ အဘယ်ကြောင့်ဆိုသော် လူသားတိုင်း၏ မူလဇစ်မြစ်သည် အတူတူပင်ဖြစ်ရာ လိင်တစ် မျိုးသည် အခြားလိင်တစ်မျိုးထက်၊ လူမျိုးတစ်မျိုးသည် အခြားလူမျိုးတစ်မျိုးထက် မွန်မြတ်သည်ဟူ၍မရှိပေ။ သို့သော် "သက္ကဝါ"ဟူသော အလ္လာဟ်အရှင်မြတ်၏ အမိန့်ကို နာခံပြီး မကောင်းမှုဒုစရိုက်များမှ ရှောင်ကြဉ်ခြင်းဖြင့်သာ မွန်မြတ်နိုင်မည်ဖြစ်သည်။

တမန်တော်မုဟမ္မဒ်(ﷺ)မိန့်ကြားတော်မူခဲ့သည်မှာ - ဧကန်အမှန်ပင် ကလေးတိုင်းသည်

သဘာဝဓမ္မ(အစ္စလာမ်သာသနာ) ပေါ်တွင်သာ မွေးဖွားလာခဲ့ကြသည်။ မည်သည့်လူသား တစ်ဦးတစ်ယောက်မျှပင် အပြစ်သားအဖြစ်လည်းကောင်း သို့မဟုတ် အခြားသူ၏အပြစ် ကို အမွေဆက်ခံသူအဖြစ်လည်းကောင်း မွေးဖွားလာခြင်းမဟုတ်ပေ။

အလ္လာဟ်အရှင်မြတ်သည် အစ္စလာမ့်တရားလမ်းစဉ်၌ “သောင်ဗဟ်” အမှားဝန်ချတောင်းပန်ခြင်းကို သတ်မှတ်ပြဋ္ဌာန်းထား၏။ သောင်ဗဟ်ဟူသည် လူသားသည် မိမိ၏ ဖန်ဆင်းရှင်ထံသို့ ပြန်လှည့်ခြင်းနှင့် မကောင်းမှုအကုသိုလ်များကို စွန့်လွှတ်ခြင်းဖြစ် သည်။ ထို့ပြင် အစ္စလာမ်သာသနာသည် (အစ္စလာမ်လက်မခံမီ)အလျင်က ကျူးလွန်ခဲ့ သော ပြစ်မှုဒုစရိုက်များကို ပယ်ဖျက်ပေးသည်။

သောင်ဖဟ်အမှားဝန်ချ တောင်းပန်ခြင်း သည် သောင်ဖဟ်မပြုမီအလျင်က ကျူးလွန်ခဲ့သော ပြစ်မှုဒုစရိုက်များကို ပယ်ဖျက်ပေး သည်။ လူသားသည် မည်သူတစ်ဦးတစ်ယောက်ကိုမျှ (ကြားခံအဖြစ်သတ်မှတ်ပြီး) မိမိအမှားကို အသိပေး ဝန်ခံရန်မလိုအပ်ပေ။ အစ္စလာမ်သာသနာတော်တွင် အလ္လာဟ် အရှင်မြတ်နှင့် လူသား၏ကြားတွင် တိုက်ရိုက်ဆက်သွယ်နိုင်သည်။ ထို့ကြောင့် သင်နှင့် အလ္လာဟ်အရှင်မြတ်ကြားတွင် မည်သူတစ်ဦးတစ်ယောက်မျှ ကြားခံအဖြစ်မလိုအပ်ပေ။ အစ္စလာမ်သာသနာသည် ကျွန်ုပ်တို့အား လူသားအချင်းချင်း ကိုးကွယ်ရာအရှင်အဖြစ် လည်းကောင်း၊ အလ္လာဟ်အရှင်မြတ်၏ ဖန်ဆင်းတော်မူခြင်းနှင့် ခဝပ်ကိုးကွယ်မှုခံထိုက် ခြင်းတို့၌

ဖက်စပ်ပါဝင်သူများအဖြစ်လည်းကောင်း သတ်မှတ်ခြင်းတို့မှ တားမြစ်ထား သည်။

တမန်တော် မုဟမ္မဒ်(ﷺ)ယူဆောင်လာသော ရှရီအဟ်တရားလမ်းစဉ်သည် လွန်လေ ပြီးသော တရားလမ်းစဉ်အားလုံးကို ရုပ်သိမ်းပယ်ဖျက်လိုက်သည်။ အဘယ်ကြောင့်ဆို သော် အလ္လာဟ်အရှင်မြတ်ထံတော်မှ တမန်တော် မုဟမ္မဒ်(ﷺ)ယူဆောင်လာသော အစ္စလာမ့်တရားလမ်းစဉ်သည် ကိယာမသ်နေ့ထိတိုင် ကျန်ရှိမည့် နောက်ဆုံးတရား လမ်း စဉ်ဖြစ်သည်။ ထိုတရားလမ်းစဉ်သည် စကြဝဠာခပ်သိမ်းအတွက်ဖြစ်သည်။ ထို့ကြောင့် လွန်လေပြီးသောတရားလမ်းစဉ်တို့သည် တစ်ခုကိုတစ်ခု ရုပ်သိမ်းပယ်ဖျက်သကဲ့သို့ ဤ အစ္စလာမ့်တရားလမ်းစဉ်သည် လွန်လေပြီးသောတရားလမ်းစဉ်အားလုံးကို

ရုပ်သိမ်းပယ် ဖျက်လိုက်သည်။ အလ္လာဟ်အရှင်မြတ်သည် အစ္စလာမ့်တရားလမ်းစဉ်မှလွဲ၍ အခြား မည်သည့် တရားလမ်းစဉ်ကိုမျှ လက်ခံတော်မူမည် မဟုတ်ပေ။ တမန်တော်မုဟမ္မဒ် (ﷺ) ယူဆောင်လာသော အစ္စလာမ်သာသနာမှအပ အခြားမည်သည့် သာသနာကိုမျှ လက်ခံ တော်မူမည် မဟုတ်ပေ။ အကြင်သူသည် အစ္စလာမ်သာသနာမှအပ အခြားသာသနာကို လက်ခံခဲ့ပါမူ ထိုသူ့ထံမှ (သူလက်ခံထားသည့်သာသနာသည် အရှင်မြတ်ထံတွင်) အလျှင်း လက်ခံသဘောတူခြင်းခံရမည် မဟုတ်ပေ။ ဤရှရီအဟ် တရားလမ်းစဉ်၏ ပြဋ္ဌာန်း ချက်များကို အကျယ်တဝင့်သိရှိလိုသူသည် အစ္စလာမ်ဘာသာအကြောင်း တင်ပြထား သော ယုံကြည်စိတ်ချရသည့် စာအုပ်များတွင် လေ့လာသင့်သည်။

အစ္စလာမ့်ရှရီအဟ်တရားလမ်းစဉ်၏ ရည်ရွယ်ချက်သည် အလ္လာဟ်အရှင်မြတ်ထံ တော်မှ

ကျရောက်ခဲ့သော တရာလမ်းစဉ်များ အားလုံး၏ ရည်ရွယ်ချက်များ အတိုင်းပင် ဖြစ်ပြီး ယင်းမှာ စစ်မှန်သည့် သာသနာဖြင့် လူသားကို မြှင့်တင်ပေးရန်ဖြစ်သည်။ ထို့ ကြောင့် လူသားသည် စကြဝဠာအပေါင်းအား ဖန်ဆင်းမွေးမြူတော်မူသော အလ္လာဟ် အရှင်မြတ်၏ ကျေးကျွန် သက်သက်မျှသာ ဖြစ်သွားပြီး လူသား၏ကျွန်၊ ရုပ်ဝါဒနှင့် ဒဏ္ဍာရီယုံတမ်းတို့၏ ကျွန်ဖြစ်ခြင်းတို့မှ လွတ်မြောက်စေသည်။

ကေန်အမှန်ပင် အစ္စလာမ့်တရားလမ်းစဉ်သည် ပြီးပြည့်စုံသည့် တရားလမ်းစဉ်ဖြစ်ပြီး ခေတ်ကာလတိုင်း၊ နေရာတိုင်းအတွက် သင့်မြတ်မှုရှိပြီး လူသားတို့အတွက် မှန်ကန် ကောင်းမွန်သည့် အကျိုးစီးပွားများနှင့် ဆန့်ကျင်ဘက်ဖြစ်သောအရာဟူ၍ မပါရှိပေ။ အဘယ်ကြောင့်ဆိုသော် ထိုတရားလမ်းစဉ်သည် လူသားတို့၏ လိုအပ်ချက်များကို အကြွင်းမဲ့ သိရှိတော်မူသော အလ္လာဟ်အရှင်မြတ်ထံတော်ပါးမှ

ကျရောက်လာသော ကြောင့်ပင်ဖြစ်သည်။ လူသားတို့အတွက် ပင်ကိုဉ်ပင် မှန်ကန်မှုရှိသည့် တရားလမ်းစဉ်၊ ထိုလမ်းစဉ်ရှိအမိန့်တော်များသည် တစ်ခုနှင့်တစ်ခု ဆန့်ကျင်မှုမရှိဘဲ လူသားတို့၏ ကောင်းကျိုးချမ်းသာကို ဆောင်ကြဉ်းပေးကာ လူသားအချင်းချင်း သတ်မှတ်ပြဋ္ဌာန်းထား ခြင်းမဟုတ်သည့် တရားလမ်းစဉ်မျိုးကို လိုအပ်သည်။ ထို့ပြင် ထိုတရားလမ်းစဉ်သည် အလ္လာဟ်အရှင်မြတ်ထံတော်မှဖြစ်ပြီး လူသားတို့အား ကောင်းမြတ်သည့် တရားလမ်းမှန် သို့ ညွှန်ပြပေးရမည်။ သို့မှသာ လူတို့သည် ထိုတရားလမ်းစဉ်အတိုင်း ဆုံးဖြတ်သည့်အခါ သူတို့၏ အရေးကိစ္စများသည် မှန်ကန်ဖြောင့်မတ်ပြီး လူအချင်းချင်း မတရားမှုပြုခြင်းမှ ကင်းဝေးသွားမည်ဖြစ်သည်။

# (၇) တမန်တော်မြတ်အား ဆန့်ကျင်သူများ၏ ရပ်တည်ချက်သည် ကိုယ်တော်မြတ် နဗီတမန်တော်ဖြစ်ကြောင်း သက်သေဖြစ်ခြင်း

နဗီတမန်တော်တိုင်းတွင် သူတို့အား ရန်ငြိုးထားကာ ဆန့်ကျင်ကြသူများ၊ သူ၏ ဒါဝဟ် ဖိတ်ခေါ်သည့်လမ်းစဉ်အား ဟန့်တားကြသူများ ၊ လူတို့အား ထိုတမန်တော်အပေါ် အီမာန် သက်ဝင်ယုံကြည်လာခြင်း မရှိစေရန် တားဆီးကြသူများ ရှိသည်မှာ သံသယဖြစ်ဖွယ် မရှိပေ။ အလ္လာဟ်အရှင်မြတ်၏ ရစူလ်တမန်တော် မုဟမ္မဒ်(ﷺ)သည် သက်ရှိထင်ရှား ရှိနေစဉ်နှင့် ကွယ်လွန်ပြီးနောက်ပိုင်းတွင်လည်းဆန့်ကျင်သူ အမြောက်အမြားရှိခဲ့သည်။ ကောန်စင်စစ် အလ္လာဟ်အရှင်မြတ်သည် ကိုယ်တော်မြတ်အား သူတို့အားလုံးအပေါ် အောင်နိုင်စေရန် ကူညီစောင်မတော်မူခဲ့ပြီး ကိုယ်တော်သည်

နဗီတမန်တော်တစ်ပါးဖြစ် ကြောင်းကို ရှေးခေတ်နှင့် မျက်မှောက်ခေတ်ရှိသူများ၏ သက်သေခံချက်များ အမြောက် အမြားရှိခဲ့သည်။ တမန်တော်မြတ်(ﷺ)သည် လွန်လေပြီးသော နဗီတမန်တော်(عَلَيْهِمُ السَّلَامُ) များ ယူဆောင်လာသည့် အရာကိုပင် ယူဆောင်လာခြင်းဖြစ်သည်။ တမန်တော်မြတ် (ﷺ) သည် အမှန်တရားအပေါ်၌ရှိသည်ကို သူတို့က အမှန်ပင် သိရှိကြသော်လည်း အာဏာ မက်မောခြင်း သို့မဟုတ် လူ့အဖွဲ့အစည်းကို ကြောက်ရွံ့ခြင်း သို့မဟုတ် သူ၏ရာထူးမှ ရရှိသော ငွေများဆုံးရှုံးခြင်းစသည့် မြောက်မြားစွာသော အဟန့်အတားများက သူတို့ အများစုကို တမန်တော်မြတ်အပေါ် အီမာန်သက်ဝင်ယုံကြည်ခြင်းမှ တားဆီးခဲ့ကြခြင်း ဖြစ်သည်။

ချီးမွမ်းထောမနာခြင်းဟူသမျှသည် စကြဝဠာအပေါင်းတို့ကို (မဖြစ်ပေါ်မီကစ၍ ပြည့်စုံပြီးစီးသည့်တိုင်အောင် အဆင့်ဆင့်)

ပြုစုပျိုးထောင်တော်မူသော အလ္လာဟ်အရှင် မြတ် အဖို့သာဖြစ်တော်မူသည်။

ရေးသားသူ - ပါမောက္ခ ဒေါက်တာ
မုဟမ္မဒ်ဗင်န်အဗ်ဒုလ္လာဟ် အလ်စုဟိုင်းမ်

အစ္စလာမ့်လေ့လာရေးဌာန
အကီဒဟ်ယုံကြည်မှုဘာသာရပ် (ပါမောက္ခဟောင်း)

ပညာရေးကောလိပ်၊ ဘုရင်စအူးဒ် တက္ကသိုလ်၊

ရိယာဒ်မြို့ ဆော်ဒီအာရေဗျဘုရင့်နိုင်ငံ။

# မာတိကာ


အစ္စလာမ်၏ ရစူလ်တမန်တော် မုဟမ္မဒ် (ﷺ) ...............3

အစ္စလာမ်၏ ရစူလ်တမန်တော် မုဟမ္မဒ် (ﷺ) .................4

(၁) တမန်တော်မြတ်၏ အမည်၊ မျိုးရိုး၊
မွေးဖွားကြီးပြင်းခဲ့သည့်တိုင်းပြည်အကြောင်း။ .............5

(၂) ဂုဏ်သရေရှိ အမျိုးသမီးနှင့်
ထိမ်းမြားမင်္ဂလာပြုခြင်းအကြောင်း။..............................9

(၃) ဝဟီ ဗျာဒိတ်တော်များ
စတင်ကျရောက်ခြင်းအကြောင်း။................................ 11

(၄) ကိုယ်တော်မြတ်
ရစူလ်တမန်တော်ဖြစ်ခြင်းအကြောင်း။....................... 33

(၅) ကိုယ်တော်မြတ် နဗီတမန်တော်ဖြစ်ခြင်း၏
သက်သေလက္ခဏာတော်များနှင့် အထောက်အထားများ။
................................................................................ 43

(၆) အလ္လာဟ်အရှင်မြတ်၏ ရစူလ်တမန်တော် မုဟမ္မဒ် (ﷺ) ယူဆောင်လာသော ရှရီအဟ်တရားလမ်းစဉ်အကြောင်း။ ........................... 53

(၇) တမန်တော်မြတ်အား ဆန့်ကျင်သူများ၏ ရပ်တည်ချက်သည် ကိုယ်တော်မြတ် နဗီတမန်တော်ဖြစ်ကြောင်း သက်သေဖြစ်ခြင်း။ ........ 66

# Get to Know about Islam

## in More Than **100** Languages

موسوعة الأحاديث النبوية
HadeethEnc.com

**Encyclopedia of the Translations of the Prophetic Hadīths and their Commentaries**

ISLAM HOUSE .com
IslamHouse.com

**A Comprehensive Reference for Introducing Islam in the World's Languages**

موسوعة القرآن الكريم
QuranEnc.com

**Encyclopedia of the Translations of the Meanings and Interpretations of the Noble Qur'an**

ما لا يسع أطفال المسلمين جهله
kids.islamenc.com

**The Platform of What Muslim Children Must Know**

موسوعة المحتوى الإسلامي
IslamEnc.com

**A Selection of the Translated Islamic Content**

بيان الإسلام
byenah.com

**A Simplified Gateway for Introducing Islam and Learning its Rulings**

**Islamic Content Service Association in Languages**

**Da'wah, Guidance, and Community Awareness Association in Rabwah**




ISBN/978-603-8402-98-6

My198